ဝန်ဇင်း
Read on the move

# ဝင်းငြိမ်း

## အမှတ်တရ ရွှေ ၆၅ ရွှေအမြုတေ
## ဝတ္ထုတို ၆၅ ပုဒ် စုစည်းမှု

# 65

# စီစဉ်သူရဲ့ အမှာစကား

ကျွန်တော် အသက် ၆၀ ပြည့်တဲ့ ၂၀၀၆ ခုနှစ်မှာ အမှတ်တရ တစ်ခုခု ဖြစ်အောင် လုပ်ချင်တဲ့စိတ်ကူးနဲ့ ရွှေအမြုတေအဟောင်းတွေကို ၁ ကနေစပြီး ပြန် ဖတ်ဖြစ်ခဲ့ပါတယ်။ ဖတ်ရင်းဖတ်ရင်းနဲ့ ဒီနေ့ခေတ်လူငယ်တွေ မသိမမီလိုက်တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က ဝတ္ထုကောင်းတွေကို ဖတ်စေချင်တဲ့ဆန္ဒ ပေါ်ပေါက်လာတာကြောင့် မွေးနေ့ဖြစ်တဲ့ မေလ ၂၈ ရက်နေ့အမီ 'အမှတ်တရ ရွှေ ၆၀'ခေါင်းစဉ်နဲ့ ဝတ္ထုတို အပုဒ် ၆၀ ကို စုစည်းပြီး ကံ့ကော်ဝတ်ရည်စာပေတိုက်က ထုတ်ဝေခဲ့ပါတယ်။ ဒီလိုစုစည်းရာမှာ စာရေးဆရာတစ်ယောက်ကို တစ်ပုဒ်နှုန်းသာ ထည့်သွင်းဖော်ပြခဲ့တာကြောင့် စာရေးဆရာ ၆၀ ရဲ့ ဝတ္ထုတိုများကို ဖတ်ခွင့်ရခဲ့ကြ ပါတယ်။ နှစ်စဉ်နှစ်တိုင်း စုစည်းပေးခဲ့ရာ ဒီနှစ်မှာ 'အမှတ်တရ ရွှေ ၆၅'ကို စုစည်းဖြစ်ပါတယ်။

အမှတ်တရ ရွှေ ၆၅ ကို စုစည်းရာမှာ တချို့ စာရေးဆရာများက ကွယ်လွန်သွားပြီဖြစ်တာကြောင့် သူတို့စာတွေကိုဖတ်ရင်း သတိတရ ဖြစ်ခဲ့ရတာ တွေလည်း ရှိခဲ့ပါတယ်။ ဥပမာ ဆရာဝင်းစည်သူ၊ ဆရာကံချွန်၊ ဆရာလင်းသော်ဝေ၊ ဆရာ မြဆင့်ချယ်၊ ဆရာသုမောင် တို့ဖြစ်ပါတယ်။ သူတို့လက်ရာဟောင်းများကို စုစည်းရာမှာ ထည့်သွင်းခဲ့ပါတယ်။ နှစ်နှစ်ဆယ်ကျော်က လက်ရာများဖြစ်တဲ့အတွက် ဒီနေ့ လူငယ်စာဖတ်ပရိသတ်များအတွက် အသစ်ဖြစ်နေလိမ့်မယ်လို့ ယုံကြည်ပါတယ်။

နှစ်စဉ်နှစ်တိုင်း စုစည်းပေးမှုကြောင့် ကာလကြာမြင့်စွာ ကလောင်နဲ့ ဝေးနေတဲ့ ဆရာတချို့ စာပြန်ရေးလာကြတာကို တွေ့ရတဲ့အတွက် ကျွန်တော့် စုစည်းမှုဟာ အချည်းနှီးမဖြစ်ဘူးဆိုတာ တွေ့ရပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော် ပီတိဖြစ်ရပါတယ်။ ဆရာ ၆၅ ယောက်ရဲ့ ဝတ္ထုတိုအားလုံးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်က လက်ရာတွေဖြစ်ပေမယ့် ခေတ်နောက်ကျသွားတာမျိုး မရှိဘဲ ခေတ်မီနေဆဲ ဖြစ်တယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။

အကယ်၍ များ ကျွန်တော် နောက်တစ်နှစ် ဆက်လက်အသက်ရှင်ခွင့်ရဦး မယ်ဆိုရင်တော့ 'အမှတ်တရ ရွှေ ၆၆'ကို စီစဉ်ချင်ပါသေးတယ်။ ကျွန်တော့် ကျန်းမာရေးအခြေအနေက တစ်နေ့ ရွှေ တစ်နေ့ ငွေ ဖြစ်နေတာကြောင့် ဒီစကားကို ပြောဖြစ်ခြင်းပါ။ စုစည်းမှုကို လွန်ခဲ့တဲ့ ၆ နှစ်ကစတင်ပြီး ယုံယုံကြည်ကြည် ထုတ်ဝေပေးခဲ့တဲ့ ကံ့ကော်ဝတ်ရည်စာပေကိုလည်း ကျေးဇူးတင်ပါတယ်။ ထိုနည်း တူစွာ အချိန်မီ ထုတ်ဝေခွင့်ရနိုင်အောင် စိစစ်ပေးတဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံးကို လည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင် ပြောကြားလိုပါတယ်။

**လေးစားစွာဖြင့်**



**ဝင်းငြိမ်း**

***

## မုန်တိုင်းရဲ့ ကျောရိုး

ကျွန်မရဲ့ စိတ်

ဟိုး…နက်နက်တစ်နေရာမှာတော့

သိမ်းထားတဲ့အကြောင်းအရာတစ်ခု ရှိနေတယ်

အဲဒါဟာ တကယ်တော့ ရှင့်ကိုပြောလို့ မဖြစ်ဘူး

ဒါပေမဲ့ ရှင်ထဲမှာကလည်း ရှိနေတယ်

ဘာလဲဆိုတော့ သေချာတာကပေါ့လေ

ကျွန်မဘဝမှာ ရှင့်လောက်သဘောကျရတဲ့ယောကျ်ား

မတွေ့ဖူးသေးဘူး ဆိုတာပါပဲ

အဲဒါကြောင့် ရှင်သိလို့ မဖြစ်ဘူးလို့ ပြောတာပါ

ယောကျ်ားအများစုဟာ သိပ်ရယ်စရာကောင်းတယ်လို့ ကျွန်မပြောရင် ရှင်က မျက်လုံးပြူးတွေနဲ့ ကျွန်မကို မကျေမနပ်ကြည့်ဦးမှာပါပဲ။ ပြီးခဲ့တဲ့တစ်နှစ်ကျော်လောက်က ဆိုရင်တော့ ကျွန်မကို မကျေမနပ်နဲ့ ရှင့်ရဲ့ ကြီးကျယ်ခမ်းနားတဲ့ စကားလုံးပြင်းတွေနဲ့ ကျွန်မကို ပစ်ပေါက်မှာပေ့ါ။ ခုတော့ မကျေမနပ်နဲ့ကြည့်ပြီး ရှင်အခန်းထဲက လှည့်ထွက်မယ်။ တံခါးကို အပြင်းထန်ဆုံး တွန်းပိတ်မယ်။ နောက်ဆုံးကားကို အရှိန်အမြင့်ဆုံးနဲ့မောင်းပြီး ကျွန်မနဲ့ဝေးရာ အရက်ဆိုင်တစ်ခုခု ဒါမှမဟုတ် မိန်းမငယ်တစ်ယောက်ယောက်ဆီ ရှင်သွားမယ်။ ဒါပဲမဟုတ်လား ကိုအောင်ရဲ။ နှစ်နှစ်ကျော်ပေါင်းခဲ့တဲ့ ယောကျ်ားအကြောင်း သူ့မိန်းမကသိတာ မဆန်းပါဘူးနော်။ ဒါပေမဲ့ ရှင် စိတ်မဆိုးပါနဲ့ ကိုအောင်ရဲ။ ရှင်တို့ ယောကျ်ားအများ စုဟာ တကယ့်ကိုရယ်စရာကောင်းတာပါ။

ကြည့်လေ၊ ရှင်ဆို ကိုယ်တိုင်က ထက်မြက်မာကျောတဲ့ မိန်းမကို

သဘော ကျတယ်ဆိုပြီး ကျွန်မကိုပိုင်ဆိုင်ရဖို့ ကြိုးစားခဲ့တယ်။ ဟော ဒီကနေ့ကျတော့...

'မင်းဟာ မာနကြီးလွန်း မာကျောလွန်းတယ် ထရီဇာ။ ကိုယ်ဟာ ယောကျာ်း၊ အိမ်ထောင်ဦးစီး။ ပြီးတော့ မင်းရဲ့ရှေ့ကရပ်တည်ဖို့ အရည်အချင်း အပြည့်ရှိတယ်။ နေရာတကာ ကိုယ့်ကိုလွှမ်းမိုးတာကို ကိုယ် မခံယူနိုင်ဘူး ထရီဇာ'

လို့ ပြောလာပြန်တယ်။ ကျွန်မကို ရှင် အဲဒီ လိုပြောတိုင်း ကျွန်မ စဉ်းစား တယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်တယ်။ ကျွန်မကတော့ နဂိုထရီဇာဘဦးကနေ ထရီဇာအောင်ရဲဖြစ်လာတာသာ ရှိမယ်၊ ကျွန်မရဲ့စရိုက်၊ ဗီဇ၊ အမူအရာ၊ အပြင်အဆင် တွေကတော့ ဘယ်တော့မှ မပြောင်းလဲခဲ့ဘူး ထင်တာပဲ။ ထင်တယ်ဆိုတာထက် ယုံကြည်တယ်။ ထရီဇာဆိုတဲ့ မိန်းမက နဂိုကတည်းက ထုံထိုင်းတဲ့မိန်းမမှ မဟုတ်ဘဲ ကိုအောင်ရဲ။ ရှင်နဲ့ရင်ပေါင်တန်းပြီး နိုင်ငံတကာရေးရာတွေ၊ နိုင်ငံတကာ စာပေ ယဉ်ကျေးမှုတွေ ဆွေးနွေးနေတဲ့၊ ရှင် အင်မတန် မက်မောမြတ်နိုးခဲ့ပါတယ်ဆိုတဲ့ အရည်အချင်းတွေ ရှိနေတဲ့ ရှင့်ရဲ့မိန်းမပဲ။ ပိုပြီးတိတိကျကျပြောရရင် ရည်းစားတွေ အများကြီးထဲက ရှင် ဆန်ခါတင်ရွေးချယ်ခဲ့တာဆိုတဲ့ မိန်းမပဲ။ ခုတော့ ရှင်မြတ်နိုး ပါတယ်ဆိုတဲ့ ထက်မြက်မာကျောမှုကိုပဲ ရှင်က မကြိုက်ပြန်ဘူးတဲ့။ ရှင်ကသာ စိတ် မူမမှန်ခဲ့တာပဲ၊ ဖောက်ပြန်ခဲ့တာပဲ ကိုအောင်ရဲရယ်။

ကဲ ရှင် ရယ်စရာ ကောင်းမနေဘူးလား ကိုအောင်ရဲ။ ကျွန်မကတော့ ကိုယ်က မှန်ပါလျက်နဲ့မှ ယောကျာ်းက အပြစ်မြင်ရက်တယ်ဆိုပြီး ထိခိုက်ကြေကွဲ နေမယ့်မိန်းမမျိုး မဟုတ်လေတော့ ရယ်ချင်တာပဲ သိတာပေါ့ ကိုအောင်ရဲရယ်၊ နော။

ကျွန်မဟာ စကားတစ်ခွန်းကို ဘယ်တော့မှ လက်လွတ်စပယ် မပြော တတ်ဘူးလေ ကိုအောင်ရဲ။ ပြီးတော့ ကျွန်မစကားကို သူများလက်ခံအောင် အမြဲတမ်း အချက်အလက်ပိုင်မှ ပြောတတ်တယ် မဟုတ်လား။ (ကျွန်မ သတိရသေးတယ်။ အဲဒီ လို ကျွန်မ စကားပြောကျွမ်းကျင်တာကိုလည်း ရှင်

သဘောကျတယ်လို့ ဆိုခဲ့ တာကို။) ကျွန်မရင်ထဲမှာလေ ရှင့်ကိုပြောချင်တဲ့စကားတွေမှ အများကြီးပါပဲ ကိုအောင်ရဲရယ်။ ခုလို စကားတစ်လုံးမှ ဟဟမပြောကြတော့တဲ့ အခြေအနေ ကြာ လာလေ ပိုပြောချင်လာလေပဲ။ မပြောရတော့လည်း အဲဒီ နာကျင်စကားလုံးတွေဟာ ကျွန်မရင်ထဲမှာ ပေါက်ကွဲနေပြန်ရော။

ကိုဝေလင်းကို ရှင် မှတ်မိတယ်မဟုတ်လား ကိုအောင်ရဲ။ ရှင်နဲ့ကျွန်မ အိမ်ထောင်သက် တစ်နှစ်ကျော်ကာလ၊ တိတိကျကျပြောရရင် ရှင်နဲ့ကျွန်မရဲ့ ပဋိပက္ခ ဘ၀ စနေပြီဖြစ်တဲ့အချိန်မှာ (ရှင့်ကိုရွဲ့ပြီး) ကျွန်မ ပထမဆုံးတွဲခဲ့တဲ့အမျိုးသားလေ။ ရှင် ကျွန်မကို ကမ်းလှမ်းမလာခင်ကတည်းက သူက ကျွန်မကို ပရိုပို့စ်လုပ်ခဲ့တာ။ နောက်ကျမှ ပြန်တွေ့၊ တွဲဖြစ်ခဲ့ကြတာ။ ကျွန်မက သိပ်လှတယ်လို့ ကျော်ကြားတယ် မဟုတ်လား။ သူက အလှကိုကိုးကွယ်သူလေ။ ဆိုပါတော့၊ သူက ကျွန်မကို ချစ်နေတုန်းပါပဲလို့ ပြောလာတော့ ကျွန်မက ရှင်နဲ့အဆင်မပြေလို့ စိတ်ရှုပ်နေတဲ့ အချိန်။ ကိုဝေလင်းနဲ့ကျွန်မ မွေးနေ့ပွဲတွေ၊ ညှော်ခံပွဲတွေ၊ ရုပ်ရှင်တွေ၊ ပစ်ကနစ်တွေ များစွာမှာ တွဲဖြစ်ခဲ့တယ်။ တွဲလာခဲ့ပြီး သုံးလမပြည့်တပြည့်မှာ ရှင့်ကိုကွာရှင်းပြီး သူ့ကိုလက်ထပ်ဖို့ တောင်းဆိုလာတယ်။ ကျွန်မ စဉ်းစားမယ်လို့ ပြန်ပြောဖြစ်ခဲ့ တယ်။ အဲဒီ နောက်ပိုင်း သူ ကျွန်မအပေါ် နည်းနည်း ပိုင်စိုးပိုင်နင်းဆန်လာတယ်။ (ရှင်တို့ယောကျ်ားအများစုရဲ့ ထုံးစံအတိုင်းပေ့ါ ကိုအောင်ရဲ။) ကျွန်မဟာ ထူးပြီး ယိုယွင်းလျော့ရဲစရာ မရှိတော့တဲ့ မိန်းမပဲလို့ သူယူဆပြီး ကျွန်မခန္ဓာကို ထိပါးဖို့ ကြိုးစားလာတယ်။ ဒီတုန်းက ကျွန်မ တော်တော်ရှက်သွားတယ်။ ပြီးတော့ ရှင့်ကို သတိရနေခဲ့တယ်။ ကျွန်မ အပြင်းအထန် ငြင်းပစ်လိုက်တယ်။ သူ ရှက်သွားပုံရတယ်။

နောက်ပိုင်းကျတော့ ကျွန်မအလှပြင်တာကို သူ မကြိုက်ဘူး။ ယောကျ်ား တွေနဲ့ စကားမပြောစေချင်ဘူး ဆိုတာတွေ ဖြစ်လာတဲ့အချိန်မှာတော့ ကျွန်မ ရယ် ချင်စပြုလာခဲ့တယ်။ နောက်ဆုံး ထရီဇာ့ကို ဘယ်သူကြည့်တာမှ မကြိုက်ဘူးကွယ်

လို့ တတွတ်တွတ်(နားငြီးလောက်အောင်) ပြောလာတဲ့အခါလည်းကျရော ကျွန်မ သိပ်ကိုရယ်ချင်သွားရော။ ကြည့်ပါဦး ကိုအောင်ရဲရယ်။ သူတောင် အပျိုဘဝမှာရော အိမ်ထောင်သည်ဘဝမှာပါ မက်မောခဲ့ပါတယ် ဆိုတဲ့ ကျွန်မရဲ့အလှအပကို သူကပဲ ဖျက်လိုဖျက်ဆီး လုပ်လာတယ်။ ကျွန်မ မွမ်းမံထိန်းသိမ်းခဲ့လို့ပဲ သူအပါအဝင် လူ တော်တော်များများကို လွှမ်းမိုးလွန်းတဲ့ အလှဆုံးမိန်းမလို့ နာမည်ကျော်ခဲ့တာပဲ။ ရန်ကုန်တက္ကသိုလ်လောကမှာ အလှဘုရင်မထရီဇာလို့ ကျော်ကြားခဲ့တာပဲဟာ။ နာမည် ရင်း အေးအေးဦးထက် သီချင်းဆိုတဲ့၊ ကဗျာရေးတဲ့(ငယ်နာမည်လည်းဖြစ်တဲ့) ထရီဇာဆိုတဲ့ နာမည်ကသာ ပိုပြီးထင်ရှားခဲ့တာရော ကျွန်မကိုယ်ကျွန်မ အရောင် တင်နိုင်လွန်းလို့ပဲ မဟုတ်လား။ ကျွန်မကိုယ်ကျွန်မ ဘယ်လောက်မြတ်နိုးတယ် ဆိုတာ ကျွန်မအသိဆုံးပဲလေ။ အဲဒီ မှာတင် ကျွန်မ ကိုဝေလင်းကို ပြတ်ပြတ်သား သား ခွဲခွာဖြစ်ခဲ့တယ်။ ကျွန်မထင်ပါတယ်၊ အဲဒီ တုန်းက ရှင်သာ ယမင်းနဲ့တွဲမနေ ခဲ့ရင် ကျွန်မလည်း ကိုဝေလင်းနဲ့ ပတ်သက်ဖြစ်မှာ မဟုတ်ဘူးလို့။

ထရီဇာဆိုတဲ့ နာမည်ဟာ တက္ကသိုလ်ဝန်းကျင်မှာ သိပ်လွှမ်းမိုးဖူးခဲ့တယ် နော်။ ကျောင်းသူဘဝမှာ အလှဘုရင်မလို့ ကျော်ခဲ့တဲ့ ကျွန်မဟာ လှတယ်၊ ထက် တယ်၊ ချမ်းသာတယ်ဆိုပြီး လူစိတ်ဝင်စားတာကို ခံယူရရုံနဲ့ အားမရ မကျေနပ်နိုင် လေတော့ ဖိုင်နယ်ရီးယားမှာ စာအပြင်းအထန်ကျက်ပြီး ဂုဏ်ထူးတန်း တက်ရောက် ခွင့်ရအောင် ယူနိုင်ခဲ့တယ်။ ပြီးကျတော့ ကျူတာဝင်ဖြေပြီး အောင်ခဲ့ပြန်ရော။

ဆရာမဘဝမှာလည်း ထရီဇာက နာမည်ကျော်ပြန်တာပေါ့။ တက္ကသိုလ်ရဲ့ ကဗျာလောကထဲမှာလည်း ထရီဇာဟာ မှတ်တိုင်ကလေးတစ်ခု ဖြစ်နိုင်ခဲ့တာပဲ။ ကဗျာလောကထဲမှာ ကဗျာသမားပုံစံနဲ့ နည်းနည်းမှမတူတဲ့ ကျွန်မဟာ ထူးခြားနေခဲ့ တယ်။ ရှိတဲ့ မိန်းကလေးကဗျာသည်တွေကလည်း ဆံပင်ရှည်ကြီးတွေနဲ့ သနပ်ခါး မလိမ်း၊ နှုတ်ခမ်း ပါးနီမဆိုး၊ ရုပ်အကျ့ခပ်နွမ်းနွမ်းတွေနဲ့။ အဲဒီ အထဲမှာ ကျွန်မ ထင်ပေါ်ခဲ့တာ

တကယ်မဆန်းပါဘူး။ ဒါပေမဲ့ ဒါကိုပဲ ထူးဆန်းသလို လူတွေက ကြည့်ကြတယ်။ တကယ်ထူးဆန်းတာက ဒီလောက် အလှအပကြိုက်ပြီး ချမ်းသာတဲ့ ထရီဇာဆိုတဲ့ မိန်းမရဲ့ အသည်းနှလုံးနဲ့ ဦးနှောက်ထဲမှာ ယောက်ျားတွေနဲ့ ရင်ပေါင် တန်းနိုင်တဲ့ ကဗျာဗီဇတွေ ရှိနေတာ။ ပြီး ရှင်တို့အဆိုအရ အင်မတန် ထက်မြက် မာကျောတဲ့၊ သွက်လက်တောက်ပတဲ့ ထရီဇာမှာ အင်မတန်သိမ်မွေ့နက်ရှိုင်းတဲ့ အနုသန္ဓေတွေ ရှိနေတာကမှ ထူးဆန်းသင့်တာလို့ ကျွန်မယူဆတယ်။ ပြီးတော့ ကျွန်မက အဲဒီ လိုပဲ ဖြစ်စေချင်တယ်။ အဲသလို ထူးထူးခြားခြားမိန်းမတစ်ယောက် ဖြစ်အောင် ကျွန်မက ကိုယ့်ကိုယ်ကိုယ် ပုံသွင်းမွေးမြူခဲ့ရတာ ကြောင့်လည်း ကျွန်မရဲ့ အရည်အချင်းကို ဘယ်အရာနဲ့မှ မလဲနိုင်အောင် (ရှင်နဲ့တောင် မလဲနိုင်အောင်) ကျွန်မ မြတ်နိုးတွယ်ဖက်ထားတာပေါ့ ကိုအောင်ရဲရယ်။

ရှင်နဲ့ မိန်းကလေးတစ်ယောက် တွဲနေတယ်လို့ သတင်းထွက်လာပြန် တယ်။ ထွေးထွေးတဲ့။ ဟိုအရင်ကတည်းကရှိခဲ့တဲ့ ရှင့်သတင်းမျိုးမို့ ကျွန်မ သိပ် တော့မစိုးရိမ်ခဲ့ဘူး။ လက်ကမ်းကဗျာကိစ္စတွေထဲ နစ်နေခဲ့တယ်။ ကိုယ်တိုင်ကား မောင်းကျောင်းတက်နိုင်တဲ့ ကျွန်မဟာ တစ်ကျပ်ပြည့်အောင် အရင်းမရှိတဲ့ လက်ကမ်း ကဗျာတစ်ရွက်ကို အင်မတန်မြတ်နိုးတာကိုတော့ ရှင် ခုထိသဘောကျဦးမယ် ထင် တာပဲ ကိုအောင်ရဲ။ ဘာလို့ဆို ဒီလိုမြတ်နိုးတတ်လို့လည်း ဘယ်ယောက်ျားကိုမှ ရင်မခုန် သဘောမကျခဲ့တဲ့ကျွန်မက ရှင့်ကို ရှင့်ကဗျာတွေကြောင့်သာ (ရင်မခုန် ပေမယ့်) သဘောကျခဲ့ရတာ မဟုတ်လား။ ရှင့်ရဲ့ကဗျာစိတ်ကိုတော့ ကျွန်မ တကယ် မြတ်နိုးတာပါ ကိုအောင်ရဲ။ ရှင့်ရဲ့ ကဗျာအယူအဆ၊ ကဗျာအပေါ်အမြင်နဲ့ ရှင် ကြိုးစားဆန်းသစ်နေတဲ့ ကဗျာရေစီးကြောင်းတွေကို ကျွန်မ သိပ်ကြိုက်ခဲ့တာပဲ။

ရှင် နောက်တစ်ယောက်ပြောင်းသွားပြန်တယ်။ ခေမီတဲ့။ ကျွန်မစိတ်ထဲ နည်းနည်းရိုးသွားတယ်။ အဲဒီ ကာလမှာ ကျွန်မတွေးတယ်၊ ရှင်နဲ့ကွာရှင်းလိုက်ရင် ကောင်းမယ်ပေါ့။ လွတ်လပ်တဲ့ဘဝမှာ ကျွန်မရဲ့သရဖူကို ပိုအရောင်တင်လို့ကောင်း

မယ်လို့ ယူဆတယ်။ ဒါပေမဲ့ နှစ်ဖက်မိဘကို ငဲ့ကြည့်မိပြန်တယ်။ နှစ်ယောက် စလုံးက ကိုယ့်သဘောနဲ့ကိုယ် လက်ထပ်မယ်လို့ ဆုံးဖြတ်တာကို လိုက်လျောညီထွေ ရှိတယ်လို့ ခွင့်ပြုခဲ့တဲ့ မိဘတွေမို့ ကျွန်မ ငဲ့တယ်လ။ ဒါပေမဲ့ ရှင် အဲဒီ လိုတွဲနေတာကြောင့် ကျွန်မသိက္ခာ ပွန်းရတာ ကိုလည်း စိတ်က သိပ်လက်မခံချင်ပြန်ဘူး။ အဲဒီမှာတင် ကဗျာသမားတွေထဲက ကျော်ကျော်ဆိုတဲ့ ချာတိတ်နဲ့တွေ့တယ်။ ကဗျာရူး ကလေးကလည်းဖြစ်တော့ ကျွန်မရဲ့အလှအပကို ကိုးကွယ်ချင်ပြန်သတဲ့။ ဒီလိုနဲ့ ကျွန်မအတွက် ကျော်ကျော်က အဖော်ကောင်းဖြစ်လာတယ်။ ကျွန်မလည်း ရှင့်ကို တုံ့ပြန်ရလို့ ကျေနပ်၊ သူလည်း မမကဗျာတွေ တစ်လှေကြီးရပေါ့။ ကြာတော့ ယောကျ်ားတွေရဲ့ အားနည်းချက်ဟာ အသက်ကြီးတာ၊ ငယ်တာနဲ့ မဆိုင်မှန်း သိလာတယ်။ ၂၃ နှစ်သာရှိသေးတဲ့ ကျော်ကျော်ဟာ (ကျွန်မက ၂၇ နှစ်)ကျွန်မကို သူနဲ့လက်ထပ်ရမယ်လို့ ခြိမ်းခြောက်လာရဲ့။ အသည်းကွဲသံတွေနဲ့ ကျွန်မကို အရေးဆိုတာပေါ့။ အရက်တွေမူးပြီး ကျွန်မရှေ့မှာ လာငိုတဲ့တစ်နေ့ကျ တော့ ကျွန်မ သူ့ကို အပြီးသတ် နှုတ်ဆက်ဖြစ်လိုက်တော့တယ်။ ယောကျ်ား ဆိုတာကို တော်တော်စိတ်ပျက်သွားခဲ့တယ် ကိုအောင်ရဲ။

ကျွန်မရဲ့ စိတ်၊ ဟိုး...နက်နက်တစ်နေရာမှာတော့ သိမ်းထားတဲ့အကြောင်း အရာတစ်ခု ရှိနေတယ်။ အဲဒါဟာ တကယ်တော့ ရှင့်ကိုပြောလို့ မဖြစ်ဘူး။ ဒါပေမဲ့ ရင်ထဲမှာကလည်း ရှိနေတယ်။ ဘာလဲဆိုတော့ သေချာတာကပေါ့လေ၊ ကျွန်မဘဝမှာ ရှင့်လောက်သဘောကျရတဲ့ယောကျ်ား မတွေ့ဖူးသေးဘူး ဆိုတာပါပဲ။ အဲဒါကြောင့် ရှင်သိလို့ မဖြစ်ဘူးလို့ ပြောတာပါ။ ဘာလို့ဆို ရှင့်ကို ကျွန်မ အတိုင်းအတာတစ်ခုထိ ရင်ထဲမှာထားခဲ့တယ်ဆိုတာ ရှင်သိရင် စိတ်ပိုင်းဆိုင်ရာအရ ကျွန်မ ရှင့်ကို ရှုံးမှာပေါ့။ ထရီဇာဟာ ဘယ်တော့မှမရှုံးရဘူး ကိုအောင်ရဲ၊ သိလား။ ကျွန်မ အရှုံးမခံနိုင်ဘူး။

ရှင်နဲ့ ခေမီ၊ ကျွန်မနဲ့ ကျော်ကျော်တို့ရဲ့ကာလမှာပဲ ရှင်နဲ့ကျွန်မ လုံးဝ စကားမပြောတော့တဲ့၊ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ကြတော့တဲ့ အိမ်

ထောင်ဖက်တွေ ဖြစ်သွားကြတယ်နော်။

တကယ်ဆို ဘာကြောင့်ရယ်လို့ ရေရေရာရာ ပြောပြလို့မရတဲ့ ကိစ္စကလေး တွေပါ။ ကျွန်မ အံ့ဩမိတယ်။ ရှင်နဲ့ကျွန်မ ပစ္စည်းရှိတဲ့ပမာဏလည်း အတူတူပဲ။ မိဘအရှိန်အဝါလည်း တန်းတူပဲ။ ပညာအရည်အချင်းနဲ့ အလုပ်အကိုင်တောင် အတူ တူပဲ။ နောက်ဆုံး ကလေးဆန်ဆန်ပြောရရင် ပေါ်ပြူလာဖြစ်တာချင်းတောင် အတူတူပဲ မဟုတ်လား။ လူတိုင်းက ကျွန်မတို့နှစ်ယောက်ကို အားကျကျေနပ်နေခဲ့ကြတာ လည်း ရှင်အသိပဲ။ ရှင်နဲ့ကျွန်မ ဝါသနာတူ၊ ဗီဇတူ၊ စရိုက်တူ၊ ဘာလိုသေးလဲ ကိုအောင်ရဲ။ သြော်... နောက်ဆုံးအကြိမ် ပြဿနာဖြစ်ကြတုန်းက ရှင်ပြောသလို 'မာနပါတူတာ ခက်တယ် ထရီဇာ' ဆိုတာပဲ ဖြစ်မယ်နော်။

'မင်းဟာ မိန်းမ။ မိန်းမဟာ ယောကျ်ားရဲ့နောက်လိုက်ပဲ။ မင်းကို ကိုယ် အင်မတန် ချစ်ခဲ့၊ မြတ်နိုးခဲ့တယ်။ ဒါနဲ့တစ်ပြိုင်တည်းပဲ ကိုယ် မင်းကို ယောကျ်ားပီပီ ဦးဆောင်ချင်တယ်။ တစ်ယောက်က ဗိုလ်ဆိုရင် တစ်ယောက်က နောက်လိုက်ပဲ ဖြစ်ရမယ်။ ဒီတော့ ပြောပါ ထရီဇာ၊ မင်း ဗိုလ်လုပ်မလား နောက်လိုက်လုပ်မလား' အဲဒီ လို ရှင်ပြောလာတော့ ကျွန်မ သိပ်တုန်လှုပ်သွားတယ်။ ကျွန်မဘဝမှာ ရှင့်ကို အိမ်ဦးနတ်အရာထားခဲ့တာ ကျွန်မအသိဆုံးပေါ့။ ကိုယ့်ယောကျ်ားကို 'မိုင် ပက်တ်လေ'လို့ ပြောတတ်တဲ့ မိန်းမစားတွေ၊ တို့ယောကျ်ားက တို့သေဆိုရင်သေ ရှင်ဆိုရင်ရှင်ပဲ လို့ ပြောတတ်တဲ့ မိန်းမတွေကို အင်မတန်စက်ဆုပ်တဲ့ မိန်းမပဲ။ ခု ရှင်က ဒီလိုပြောလာတော့ ကျွန်မ အံ့ဩမှုကြောင့် တုန်လှုပ်သွားတာပေါ့။

'နေပါဦး ဒါလင်၊ ခုချိန်ထိ ထရီဇာ ဒါလင့်ကို မတိုင်ပင်ဘဲ အိမ်ဖော်ခန့် တာကအစ ကဗျာစာအုပ်ထုတ်တာအထိ လုပ်ဖူးလား။ ပြီးတော့ ဒါလင့်ကိုမစောင့်ဘဲ ထမင်းတောင် စားဖူးရဲ့လား။ စိတ်ဆိုးပြီးတော့ကော အော်ခဲ့ဖူးလား။ ရိုင်းရိုင်းစိုင်း စိုင်း ယူတွေ အိုင်တွေနဲ့တောင် မပြောခဲ့ပါဘူး ဒါလင်။ တစ်ယောက်နဲ့တစ်ယောက် ဘဝဖော်တွေအဖြစ် လက်ခံခဲ့ပြီးကတည်းက ထရီဇာ ဒါလင့်ကို အိမ်ဦးနတ်အနေနဲ့

ရိုက်ချိုးခဲ့တယ်လို့ ယုံကြည်တာပဲ'

ကျွန်မပြန်ပြောတော့ ရှင်က ကျွန်မကို မျက်လုံးကြီးပြူးပြီး ကြည့်လာတယ်။ ပြီးတော့...

'မင်းမသိဘူးလား ထရီဇာ။ မင်း ကိုယ့်ကို ခွင့်တောင်းတာမဟုတ်ဘူး။ တိုင်ပင်တာမဟုတ်ဘူး။ အသိပေးတာသက်သက်ပဲ ဆိုတာ။ ကဗျာစာအုပ် ထုတ်ရမလားလို့ပြောတာမှ မဟုတ်ဘဲ။ ကဗျာစာအုပ်လုပ်မလို့လို့ အသိပေးတာပဲ။ ကိုယ်ပြန်ပြောရင်လည်း မင်းက ဆင်ခြေကောင်းကောင်းနဲ့ ပြန်ပြောဦးမှာပဲ။ ပြောတာကတော့ လေအေးအေးနဲ့ပါပဲ။ ဒါပေမဲ့ ခံရတဲ့ကောင်က မသက်သာဘူး ထရီဇာ။ ကိုယ်လိုချင်တာက ရက်စ်အော် နိုး၊ ဘလက်ခ်အင် ဗိုက်တ်ပဲ။ ကဲ... ပြောပါ၊ ခင်ဗျား ဗိုလ်လုပ်မှာလား နောက်လိုက်လုပ်မှာလား'

ရှင် အဲလိုပြောရင် ကျွန်မရဲ့မခံချင်စိတ်တွေ စရောက်လာရော။ အဲလောက် တောင်နားမလည်ချက်ကို ဆိုးလှချေကောလို့ တွေးမိရင်း...

'ဒါလင်ပြောတာကို ထရီဇာ လက်မခံနိုင်သေးတာ ခက်တယ်။ တစ်ယောက်နဲ့တစ်ယောက် အပေးအယူမျှရမယ့် လင်မယားဘဝပါ ဒါလင်ရဲ့။ တပ်ဖွဲ့ တစ်ဖွဲ့ မဟုတ်ပါဘူး။ ဗိုလ်တွေ ရဲဘော်တွေ မလိုပါဘူး။ ထရီဇာကို စိတ်ညစ်အောင် မလုပ်ပါနဲ့'

လို့ပဲ ပြန်ပြောဖြစ်ခဲ့တယ်။

ရှင်ကတော့ ဒေါသမပြေပါဘူး။ နီရဲခက်ထန်နေတဲ့ မျက်လုံးတွေနဲ့ ကျွန်မကို စိုက်ကြည့်ပြီး...

'ပြီးတာပါပဲ ထရီဇာ။ ကိုယ်နဲ့မင်း ညှိမရပါဘူး။ ဒီတော့ အကောင်းဆုံးကို စဉ်းစားထားပါ။ တို့ တစ်ခုခု ရင်ဆိုင်ပစ်လိုက်ကြတာပဲ ကောင်းတယ်၊ ဟုတ်လား'

လို့ပြောပြီး ရှင် ထွက်သွားခဲ့တယ်။ နောက် တစ်လနဲ့ငါးရက်တိတိကြာမှ အိမ်ကိုပြန်လာခဲ့တယ်နော်။ ခရီးမထွက်၊ အလုပ်သွားမပျက်ပါဘဲနဲ့ ရှင် ကျွန်မနဲ့အဝေး မှာ နေခဲ့တယ်။ ခင်ပွန်းသည်ကို မျက်နှာချင်းဆိုင်တွေ့ရလို့မှ ပြုံးပြမရ၊ နှုတ်ဆက် မရတဲ့ မိန်းမတစ်ယောက်အနေနဲ့ ကျွန်မ ရှင်ပြန်အလာကို စောင့်နေခဲ့တယ်။ သိပ်လည်း သတိရနေခဲ့တယ် ကိုအောင်ရဲ။ (ရှင်ကတော့ မယုံဘူးလို့ ပြောဦးမှာပါပဲ။)

အဲဒီ ပြဿနာဟာ ကျွန်မတို့နှစ်ယောက်ရဲ့ အပြင်းထန်ဆုံးပေါက်ကွဲမှု ဖြစ်ခဲ့ တယ်။ အဲဒီ နေ့မှာစတင်ခဲ့တဲ့ တိတ်ဆိတ်ခြောက်သွေ့မှုဟာ ရှင်နဲ့ကျွန်မကြားမှာ ဒီနေ့ထက်ထိ တည်မြဲနေဆဲပဲနော် ကိုအောင်ရဲ။

ကျွန်မ ခဏခဏစဉ်းစားဖြစ်တယ်။ ကျွန်မတို့နှစ်ယောက်ဟာ သမားရိုးကျ မဟုတ်တာတွေကို သဘောကျတဲ့နေရာမှာလည်း တူကြတယ်မဟုတ်လား။ အဲဒါ ကြောင့်ပဲ ကျွန်မတို့ စိတ်သောကရောက်နေကြရတာ လားလို့ တွေးမိတယ်။

ကြည့်လေ၊ သမားရိုးကျအနေနဲ့ဆို ယောကျ်ားနဲ့မိန်းမ တစ်ယောက်ကို တစ်ယောက် သဘောကျမယ်၊ ပြီးရင် ပရိုပို့စ်လုပ်မယ်၊ ချစ်သူတွေဖြစ်မယ်၊ မိဘ သဘောတူတူ မတူတူ လက်ထပ်ကြမယ်။ ဒါက တစ်မျိုး။ နောက်တစ်မျိုးက တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုသဘောထားရမှန်းတောင် မသိခင်မှာ မိဘတွေ ကြောင့် စေ့စပ်လိုက်မယ်၊ နောက် လက်ထပ်ကြမယ်၊ လင်မယားဘဝရောက်တော့ ချစ်သွားကြရော။ အဲဒီ နှစ်မျိုးစလုံးဟာ တစ်နည်းနည်းနဲ့တော့ အဆင်ပြေကြတယ်။ ရှင်နဲ့ကျွန်မကတော့ တစ်ယောက်နဲ့တစ်ယောက် သဘောကျနေတုန်း ရှင်က လက် ထပ်ခွင့်တောင်း၊ ကျွန်မက ခေါင်းညိတ်၊ အိမ်ကိုဖွင့်ပြောပြ၊ သဘောတူတော့ လက် ထပ်၊ အင်းလျားလိတ်မှာ ညေ့ခံပွဲလုပ်၊ နှစ်ဖက်မိဘလက်ဖွဲ့တဲ့ ခြံနဲ့အိမ်နဲ့ ကားတစ်စင်း စီနဲ့။ ဒါပေမဲ့ အဆင်မပြေဖြစ်ခဲ့ရတယ်။

တကယ်ဆို ရှင်ကလည်း ကျွန်မကို ပရိုပို့စ်လုပ်ကတည်းက ကိုယ်

ထရီဇာ့ကို သဘောကျတယ်၊ လက်ထပ်ချင်တယ်လို့ ပြောမယ့်အစား ထရီဇာ့ကို သိပ်ချစ်တယ်လို့ မွတ်မွတ်သိပ်သိပ် ပြောခဲ့ဖို့ကောင်းတယ်။ အဲလိုသာပြောခဲ့ရင် ကျွန်မလည်း ရင်ခုန်မိချင် ခုန်မိမှာပဲ။ ဆိုရင်… ကျွန်မတို့နှစ်ယောက် သမားရိုးကျ ချစ်သူတွေလို သိပ်ပျော်စရာကောင်းမှာပဲလို့ အခု ကျွန်မ ယူဆနေတယ်။ ခုတော့ လက်ထပ်သက် အတော်ကြာမှ ကိုယ် ထရီဇာ့ကို ချစ်ပါတယ်ကွာ ဆိုတဲ့ အောင့် သက်သက်စကားသံကြောင့်သာ သြော်… သူ ငါ့ကို ချစ်တော့ချစ်သားပဲလို့ လက်ခံ နိုင်ခဲ့ရတာ မဟုတ်လား။ ဒါမှမဟုတ်လည်း ရှင် ကျွန်မကို ပရိုပို့စ်လုပ်တဲ့နေ့နဲ့ ကျွန်မတို့လက်ထပ်နေ့ဟာ ၆ လလောက်ပဲ ကွာခဲ့တာကြောင့်များ ကျွန်မတို့ အဆင် မပြေဖြစ်ရတာ လားလို့လည်း တွေးမိသေးတယ်။ မဟုတ်ရင်လည်း ရှင်နဲ့ကျွန်မ ချစ်သူလို မနေခဲ့ဖူးလို့၊ ဒါမှမဟုတ် ပြေပြစ်ချောမွေ့တဲ့ အိမ်ထောင်ရေးကို အလွယ် တကူရခဲ့လို့၊ ဒါတွေကြောင့်ပဲလား ကျွန်မ တွေးတယ်။ ဘာကြောင့်ပဲဖြစ်ဖြစ်ပါလေ။ ခုအခြေအနေလောက်ထိတော့ မဆိုးဝါးသင့်ဘူးလို့ ကျွန်မထင်တယ် ကိုအောင်ရဲရယ် နော်။

ရင်ထဲမှာ သေသေချာချာကြီးကို လှိုက်ခုန်နေတယ်။ ရှင်က အော်ရယ်တယ်။ ဟားတိုက်ပြီးတော့ကို ရယ်တယ်။ ပြီးတော့…

'ဖြူလဲ့က ကလေးပေါက်စန မဟုတ်သလို ခင်ဗျားလိုပဲ မာနရှိတယ် ထရီဇာရဲ့ သိလား။ အမှတ်သညာလည်း ကြီးတယ်'

တဲ့။ပြီးတော့ ဆက်ပြောပြန်တယ်။

'ဒါက ကျုပ်တို့အပိုင်းပါ။ ခု လိုအပ်တာက ခင်ဗျားကွာရှင်းပေးမယ့်နေ့ကို ကျုပ် စောင့်နေတယ် ဆိုတာပဲ'

ကိုအောင်ရဲရယ်၊ ကျွန်မဘယ်ဘက်ရင်အုံရဲ့ ဟိုးအထဲနက်နက် တစ်နေ ရာမှာ စူးအောင့်သွားတယ်။ ခန္ဓာကိုယ်တောင် ယိုင်လဲတော့မလို ဖြစ်သွားတယ်။ ရှင့်မျက်နှာအေးစက်စက်က ကျွန်မကို ခြောက်လှန့်လာတယ်။

'စောင့်စရာ မလိုပါဘူး။ ခုကွာဆိုလည်း ရပါတယ်'

လို့ ကျွန်မ ပြန်ပြောတော့ ရှင့်မျက်လုံးတွေ တစ်မျိုးအရောင်တောက်လာတယ်။ ကျွန်မနားမလည်နိုင်တဲ့ အရောင်တွေပါပဲ။

ပြီးတော့ ကျွန်မကို စိုက်ကြည့်ပြီး...

'ဖြူလွဲ့နဲ့ကျုပ် ပြတ်စဲကြရင် ကျုပ် ခင်ဗျားဘက် ပြန်ရောက်လာလိမ့်မယ်လို့ ခင်ဗျား ယူဆခဲ့တာ မှားတာပဲ ထရီဇာ။ ခင်ဗျား ဘယ်နေရာမှာ ဘယ်လောက် တော်တော် ကျုပ်ကိုတော့ ခင်ဗျား ဘယ်တော့မှ တွက်ကိန်းချလို့ မရဘူးဆိုတာ ခင်ဗျား ခုလောက်ဆို သိလောက်ရောပေါ့။ ခင်ဗျားကို ဦးစားပေးလက်စနဲ့ ဆက်ပြီး တစ်ခုဦးစားပေးပါဦးမယ်။ ခင်ဗျား စဉ်းစားပါဦး။ ပြီးလို့ ဆုံးဖြတ်နိုင်ပြီ ဆိုတာနဲ့ ကျုပ်ကိုခေါ်လိုက်ပါ။ ကွာရှင်းစာချုပ်နဲ့အတူ ကျုပ်လာခဲ့မယ်'

စကားလည်းအဆုံး လှည့်လည်းအထွက်ပါပဲ။ ကျွန်မထင်တယ် ကျွန်မဟာ ရုပ်ဝတ္ထုအနေနဲ့တောင် ရှိနေသေးရဲ့လားလို့။ အသွေးအသားတွေ တစ်စစီ ပေါက်ကွဲ ကုန်သလိုပါပဲ။ ဘယ်သူအထင်သေးတာကိုမှ မခံခဲ့ရဖူးတဲ့ကျွန်မ ခံမယ့်ခံရတော့ ကိုယ်တိုင်ရွေးချယ် ကြည်ဖြူခဲ့တဲ့ယောကျ်ားရဲ့ အထင်သေးတာကိုမှ ခံရတယ်လို့ ကျွန်မ နာနာကျင်ကျင်တွေးတယ်။ ရှင် ခဏခဏပြောဖူးတဲ့ မင်းက လူသာသေမယ်၊ မာနကျွန်မယ့်မိန်းမပဲ ဆိုတာကို ဖျတ်ခနဲ သတိအရမှာ ကားထဲရောက်သွားပြီဖြစ်တဲ့ ရှင့်ကို အော်ပြောဖြစ်လိုက်တယ်။

'ကိုအောင်ရဲ့ စာချုပ်ဝယ်ခဲ့ပါ။ ကျွန်မတို့ ဒီကနေ့ပဲ ကွာရှင်းလိုက်တာပေါ့'

ရှင် တစ်ချက်ပြုံးတယ်။ သတိထားလိုက်မိရဲ့လား။ ကျွန်မကတော့ သတိထားလိုက်မိတယ်။ ရှင့်အပြုံးက နည်းနည်းမဲ့နေတာကိုး။

ကိုယ့်ကိုယ်ကိုယ် သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်ပြီး ကျွန်မ ရှင့်ကို စောင့်နေခဲ့တယ်။ ဘာကိုမှမတွေးမိအောင် သိုးမွေးထိုးရင်း စိတ်လှုပ်ရှားမှုကို ထိန်း

နေခဲ့တယ်။ ကားရပ်သံကြားတယ်။ ရှင် ဝင်လာတယ်။ ကျွန်မရှေ့မှာထိုင်တယ်။ ကျွန်မကို စိုက်ကြည့်နေတယ်ဆိုတာ ကျွန်မ သိနေတယ်။ ကျွန်မ မျက်လွှာလှန်ကြည့်လိုက်တယ်။ ရှင့်နှုတ်ခမ်းတွေ လှုပ်သွားတယ်။

'တကယ်ကိုဆုံးဖြတ်လိုက်ပြီလား ထရီဇာ'

ကျွန်မ အံကြိတ်လိုက်တယ်။ ပြီး ခေါင်းညိတ်တယ်။ ရှင်က စိုက်ကြည့်နေပြန်တယ်။ ကျွန်မ မတ်တတ်ရပ်တယ်။ လှည့်ထွက်တယ်။ ကျွန်မ ကားပေါ်အရောက်မှာ ရှင့်ကားဆီ လှမ်းကြည့်ဖြစ်တယ်။ ရှင့်မျက်နှာက ဖြူရော်နေတယ်။ ကျွန်မ ပြုံးမိတယ်။ ခုတော့လည်း တုန်လှုပ်နေပြန်ပြီလား ကိုအောင်ရဲရယ်လို့ တွေးပြီး ကားမောင်းထွက်ခဲ့ဖြစ်တယ်။ ဒီတစ်ခါတော့ နှစ်ဖက်မိဘမပါ၊ သူငယ်ချင်းသက်သေမပါဘဲ ရှင်နဲ့ကျွန်မ နှစ်ဦးတည်း လက်မှတ်ထိုးရမှာပေ့ါ။

ရှေ့စားပွဲပေါ်ကို စာချုပ်တစ်စုံ ရောက်လာတယ်။ တရားသူကြီးရဲ့မျက်လုံးတွေက မှုန်မှိုင်းနေသလိုပဲ။ ကျွန်မ ဘောလ်ပင်ကိုင်တယ်။ လက်တွေတုန်နေတာ ပတ်ဝန်းကျင်၊ အထူးသဖြင့် ရှင်သတိထားမိမှာ စိုးနေမိတယ်။ ရှင် တစ်စောင်ကောက်ယူတယ်။ လက်မှတ်ထိုးအပြီးမှာ ကျွန်မကို လှမ်းပေးတယ်။ ရှင့်လက်ဖျားတွေလည်း တုန်ယင်နေတာပဲ။ ကျွန်မ နည်းနည်းကျေနပ်သွားတယ်။

ကားသော့ကိုဖြုတ်ပြီး အိမ်ထဲလှမ်းအဝင်မှာ ရှင် ကျွန်မလက်မောင်းကို လှမ်းကိုင်တယ်။ ကျွန်မ ရှင့်ကို မော့ကြည့်မိတယ်။ ကျွန်မမျက်လုံးတွေကတော့ မာနကြောင့် တောက်ပြောင်နေဦးမှာပါပဲ။ ရှင်က ပြောလာတယ်။

'မင်းဟာ သိပ်ကိုခေါင်းမာတာပဲနော်။ ထရီဇာရယ်... ယောကျ်ားကပစ်ချင်လောက်အောင် ဘာဖြစ်လို့ မာနကြီးချင်ရတာ လဲ။ ကိုယ် မင်းကို တကယ်ချစ်ခဲ့ တာပါ'

ကျွန်မ ရင်တစ်ချက်ခုန်သွားတယ်။ ရင်ခုန်သံကို ကျွန်မ ထိန်းချုပ်တယ်။

ထရီဇာပဲ အလျှော့မပေးရပါဘူးလို့ တွေးပြီး ခံစားချက်ကို

ပြောင်းယူတယ်။ ရှင်ပဲ ကျွန်မကို မုန်းတယ် မုန်းတယ်ဆိုတဲ့ စကားမျိုးတွေ ပြောခဲ့ပြီး ဘယ်လောက်မှ မကြာဘူး ချစ်တယ်လို့ ပြောပြန်တယ်လို့ ကျွန်မ တွေးယူတယ်။ အဲဒီ အခါ ရယ်ပစ် ချင်လိုက်ဖို့ သတိရတယ်။ ရယ်စရာကောင်းတယ်လို့မှ မတွေးနိုင်ရင်လည်း ရှင့်ရဲ့ အလှည့်အပတ်မှာ ကျွန်မ ကျွံဝင်သွားမှာ ကြောက်တယ်။

ရှင်က ကျွန်မပခုံးကို ကိုင်ပြန်တယ်။ ပြီး တစ်ချက်ဖျစ်တယ်။ နောက် လှည့်ထွက်တယ်။ ကျွန်မကို တစ်ချက်ပြန်လှည့်ကြည့်တယ်။ ကျွန်မ သွေးခုန်နှုန်း တွေ မြန်လာတယ်။ လည်ချောင်းထဲမှာ တစ်စုံတစ်ခု လာဆို့တယ်။ လက်တွေထဲမှာ အားယုတ်သွားတယ်။ တံခါးနံရံကို လက်နဲ့ လှမ်းအားပြုပြီး ပြုံးပြနိုင်အောင် ကြိုး စားတယ်။ ကျွန်မပြုံးပြတာကို တွေ့မှ ရှင် တကယ်ကျောခိုင်းသွားတော့တယ်။

ကျွန်မမျက်လုံးတွေ ဝါးလာသလိုပဲ။ လက်ထဲကကွာရှင်းစာချုပ်က လေမတိုက်ပါဘဲ တဖျပ်ဖျပ်တုန်နေတယ်။ ခုတင်ဘေးစားပွဲပေါ်ကို စာချုပ် လှမ်းတင် တယ်။ နှစ်ယောက်အိပ်ခုတင်ဆီ မျက်လုံးအရောက်မှာ ပါးပြင် နွေးခနဲဖြစ်သွားတယ်။ အမလေး၊ ကျွန်မ မျက်ရည်ကျတယ်။ မငိုရဘူး၊ မငိုရဘူး။ ထရီဇာဟာ ကိုယ်မမှားတဲ့ အဖြစ်အပျက်တစ်ခုအတွက် ဘယ်တော့မှ မျက်ရည်မကျရဘူး။ မျက်ခွံတွေကို လက်ဖဝါးနဲ့ ပွတ်သုတ်ပစ်လိုက်တယ်။ ခေါင်းကို ဆတ်ခနဲ မော့ပစ်တယ်။ မျက် တောင်တွေကို ခဏခဏခတ်ပြီး စိတ်ကိုတင်းတယ်။

'ရှင်တို့ယောကျ်ားတွေဟာ သိပ်ကိုရယ်ရတာ ပဲ'

လို့ တတွတ်တွတ်ရွတ်ရင်း မျက်ရည်ကို ထိန်းတယ်။ ခဏကြာတော့ ဆောက်တည်ရာရပြီလို့ ယူဆတယ်။ အားပါးတရ အော်ရယ်လိုက်နိုင်ရင် ကောင်း မှာပဲလို့တွေးပြီး ရယ်ဖို့ကြိုးစားတယ်၊ မရဘူး။ ပြုံးကြည့်တယ်။ ခါတိုင်းပြုံးနေကျ ထရီဇာရဲ့ နာမည်ကျော် ယုံကြည်ပြုံးလေ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလွန်းတဲ့ အပြုံးပေါ့။ ပြုံးပြီး စာချုပ်ကို ထပ်ကြည့်မိတယ်။ 'အောင်ရဲ' တဲ့။ ဘေးတစ်ဖက် မှာ 'အေးအေးဦး'။ ဘယ်ဘက်ရင်ထဲမှာ စူးခနဲအောင့်တယ်။ မျက်လုံးအကြည့်မှာ အေးအေးဦးဆိုတဲ့ စာလုံးတွေက မှုန်ဝါးသွားတယ်။

မေငြိမ်း

အမှတ် ၁၊ ဇူလိုင်လ၊ ၁၉၈၉ ခုနှစ်

ရွှေအမြိုတေရပ်စုံမဂ္ဂဇင်း။

***

# ပိုးစားတိမ်တိုက်

ကိုအောင်ခန့်မျက်လုံးတွေက

အတော်ကြောက်ဖို့ ကောင်းသည်

စူးရဲတည်ငြိမ်မှုတွေကြားမှာ

အေးစက်မှုက အနက်ရှိုင်းဆုံး ခိုဝင်နေသလိုပင်

ခန္ဓာကိုယ်အထဲထိ ထိုးဖောက်မြင်နိုင်တယ်ဆိုတဲ့

မျက်လုံးဟာ ဒါမျိုးထင်ပါရဲ့ဟု ခိုင် တွေးလိုက်မိသေးသည်

ပြီးတော့ အဲသည် မျက်လုံးတွေဟာ ရက်စက်ပြတ်သားတယ်ဟု ခိုင့်ကိုယ်ခိုင် သတိပေးလိုက်မိ၏

စကားလုံးဆန်းဆန်းနှင့် ကဗျာလေးတွေကို ရေးဖွဲ့ခဲ့သည့် ပိုး။

ပိုးဟူသည့်ကိုအောင်ခန့်က အဲသည်တုန်းက ဖယောင်းလက်ရေးနှင့် ကဗျာ စာအုပ်လေး စုထုတ်ကြသည့် သူငယ်ချင်းတွေအကြောင်း ပြောသည်။ ကိုစန်းခိုင်က ဘယ်မှာ၊ ကိုမြင့်သိန်းက ဘယ်လို။တကယ်တော့ ကဗျာစာအုပ် စုထုတ်ကြသူတွေနှင့် ခိုင် မသိခဲ့ပါ။ ကဗျာလေးတွေရေးတတ်သော ခိုင့်ကို အတန်းဖော်သူငယ်ချင်းတစ်ဦးက ကဗျာ စာအုပ်ကလေး စုထုတ်ကြမည်ဆိုသော အဖွဲ့တစ်ဖွဲ့နှင့် ဆက်သွယ်ပေးခဲ့၍ 'ထာဝရ' ဟူသော ကဗျာစာအုပ်ကလေးတွင် ခိုင့်ကဗျာလေး သုံးလေးပုဒ် ပါဝင်ခွင့်ရခဲ့သည်။ ကဗျာစာအုပ်ကလေးတွေရောင်းပြီး ကဗျာရေးသူတွေ အားလုံးဆုံခဲ့ကြတုန်းကတော့ ပိုးဟူသည့်လူကို အဖွဲ့ခေါင်းဆောင်ကိုမြင့်သိန်း မိတ်ဆက်ပေးတာ မှတ်မိသလိုလို။ အဲသည်တုန်းက အခုမြင်နေရသည်ထက် ဆံပင်တွေ အဆမတန်ရှည်ကာ အနက် ရောင်ဂျာကင်အကျႌ ဝတ်ထားသည့်သူ။

'ကျွန်တော်တို့ လက်ဖက်ရည်ဆိုင် သွားရအောင်'

'အင်း... သွားလေ'

ကိုအောင်ခန့်က ရဲရဲတင်းတင်းခေါ်သလို ခိုင်က မငြင်းဆန်၊ လိုက်သွားခဲ့၏ ။ လက်ဖက်ရည်ဆိုင်မှာ ရောက်တတ်ရာရာတွေ ပြောဖြစ်ကြသည်၊ များသောအားဖြင့်တော့ ကဗျာအကြောင်းနှင့် ဖတ်ခဲ့ဖူးသောစာအုပ်တွေ အကြောင်းများပင်။ ကိုအောင်ခန့်က လက်ဖက်ရည်သောက်နေရင်း ကောင်တာတွင်
ဆေးလိပ်သွားဝယ်၍ ပြန်လာတော့ ခိုင့်ဆီသို့ ချိုချဉ်သကြားလုံးလေးတွေ
ကမ်းသည်။

'ကျွန်တော် ဆေးလိပ်သောက်နေတုန်း ခိုင်က ဒီအတိုင်းကြီးထိုင်နေရမှာ'

ထိုစကားကြောင့်ပင် ကိုအောင်ခန့်ကို ဘာကြောင့်သဘောကျသွားသည် မသိပါ။ အလိုက်သိတယ်ဟုပင် ဆိုရမည်လား။ ပေါင်းတတ်သင်းတတ်ဟုပဲ ပြောရမလား။

'ကျွန်တော် လက်ဖက်ရည်သောက်ခေါ်တဲ့နောက်ကို ယုံယုံကြည်ကြည် ရဲရဲတင်းတင်းလိုက်လာတဲ့ ခိုင့်ကို ကျွန်တော် အဲသည်ကတည်းက သဘောကျတာ'

ဟု နောက်ပိုင်းမှာ ကိုအောင်ခန့် ပြောသည်။

'ခိုင်ကတော့ ကိုအောင်ခန့်ကို ဘာကြောင့်သဘောကျတာရယ်လို့တော့ နာမည်မတပ်တတ်ဘူး။ ဒါပေမဲ့ ကိုအောင်ခန့် ဆေးလိပ်သွားဝယ်ပြီး အပြန်မှာ ခိုင့်အတွက် သကြားလုံးလေးတွေ ဝယ်လာကတည်းက ဘာကြောင့်မှန်းမသိ သဘောကျမိတယ်'

စကားဆုံးတော့ နှစ်ဦးသား ပြိုင်တူရယ်မိကြသည်။ အခုချိန်အထိလည်း ခိုင်နှင့် ကိုအောင်ခန့်က သဘောကျတယ် ဆိုသောစကားကို တစ်ယောက်နှင့်တစ်ယောက် လိပ်ပြာလုံလုံ၊ သံသယကင်းကင်းနှင့် မကြာခဏ ပြောမိတတ်မြဲဖြစ်၏ ။

၂။

အဲသည်နောက်ပိုင်းမှာတော့ ခိုင့်ဆီ ကိုအောင်ခန့် မကြာခဏရောက်လာတတ်သည်။ ရောက်လာသည်နှင့် လက်ဖက်ရည်သွားသောက်ကြရအောင်ဟု ထုံးစံအတိုင်းဆို၍ ခိုင်ကလည်း (ကျူတိုရီရယ်ချိန်မှ လွဲလျှင်)မဆိုင်းမတွ လိုက်သွားမိမြဲပင်။

'ကျူတိုရီရယ်ရှိတယ် ကိုအောင်ခန့်'

ဟု ဆိုလျှင်တော့…

'ကျွန်တော် ဆိုင်ကစောင့်နေမယ်။ ခိုင်ပြီးရင် ဆိုင်ကိုလာခဲ့ပေါ့'

ဟုပြောပြီး စောင့်တတ်၏ ။ နောက်ပိုင်းကျတော့ ကိုအောင်ခန့်ရော ခိုင်ပါ ဘာမှမပြောရတော့ဘဲ လူချင်း ဆုံမိလိုက်သည်နှင့် နှစ်ယောက်လုံးခြေဦးတွေက လက်ဖက်ရည်ဆိုင်ဆီ အလိုလိုဦးတည်မိရက်သား ရှိတတ်သည်။

ပြီးတော့ စူးရဲအေးစက်သော ကိုအောင်ခန့်မျက်လုံးအကြည့်များအောက်တွင် ရောက်တတ်ရာရာစကားတွေကို ဆုံးပဲမဆုံးနိုင်အောင် ပြောကြတော့၏ ။

ကိုအောင်ခန့် မျက်လုံးတွေက ရင်ခုန်တယ်ဆိုလျှင်တောင် ကြောက်ကြောက် ရွံ့ရွံ့ရင်ခုန်ခြင်းမျိုးကို ဖြစ်စေသောမျက်လုံးမျိုး ဖြစ်သည်။ ခိုင်ကတော့ ကြောက်စရာ ကောင်းတဲ့မျက်လုံးဟု သတ်မှတ်မိသော်လည်း တစ်ခါမှတော့ ရင်မခုန်ခဲ့ဖူးပေ။ ဒါမှမဟုတ် ခိုင်က ရင်ခုန်နေလျှင်တောင်မှ ဒါ ရင်ခုန်နေတာပါလားဟု သိမည့်သူ မဟုတ်၍ လည်း ဖြစ်မည်။

'ကိုအောင်ခန့်မျက်လုံးတွေက စူးပြီး အေးစက်စက်နဲ့ ကြောက်ဖို့ကောင်းတယ်'

ခိုင်က လူတတ်ကြီးလုပ်၍ ဝေဖန်တော့ ကိုအောင်ခန့်က အဟက်ခနဲ

တစ်ချက်ရယ်ကာ မပွင့်တပွင့်ပြော၏ ။

'ကျွန်တော့်မျက်လုံးအတွက် ကျွန်တော်ကြားချင်တဲ့ ဝေဖန်စကားက အဲသည်လိုမျိုးဗျ။ ဒါပေမဲ့ အဲသည်လိုမျိုး ခိုင်ကလွဲပြီး ကျွန်တော့်ကို ဘယ်သူမှ မပြောဘူး'

ဘုရားရေ၊ ဒါဆို ခိုင့်ဝေဖန်ချက်များ မှားသွားပြီလား။ ဘယ်သူမှမပြောဖူး တဲ့ ဝေဖန်မှုမျိုးနဲ့မှ ခိုင်က ဝေဖန်မိတာကိုး။ ဒါပေမဲ့ မမှားနိုင်ပါဘူး။ အဖြူရောင် မျက်သားအိမ်ထဲက စူးပြောင်တဲ့ မျက်ဆန်နက်နက်ရယ်၊ လေးထောင့်ကျကျ မျက်လုံး တည်ဆောက်ပုံရယ်၊ သာမန်ကြည့်ရင်တောင်မှ မျက်မှောင်ကုတ်နေသလို ဖြစ်နေတတ် တာရယ်ဟာ ကြောက်စရာမျက်လုံးမျိုးပဲ ဖြစ်ရမှာပေ့ါ။

'ခိုင်လည်း မျက်လုံးအကြည့်စူးတာပဲ'

'အဲ… ခိုင့်ကိုတော့ အဲသလိုမျိုး တော်တော်များများက ပြောတတ်ကြပါတယ်။ ဒါပေမဲ့ ခိုင် အကြည့်စူးရုံစူးတာပါ။ ကိုအောင်ခန့်လို ရက်စက်တဲ့အကြည့်မျိုးတော့ မဟုတ်ပါဘူး။ မျက်လုံးတင် မဟုတ်ဘူး၊ ကိုအောင်ခန့်မေးရိုးကားကားရယ်၊ နှုတ်ခမ်း နီရဲရဲကို တင်းတင်းစေ့ထားတတ်တဲ့ဟန်ရယ်ကိုက သွေးအေးပြီး ရက်စက်မယ့်ပုံမျိုး'

'ခိုင့်ကို ကျွန်တော် အဲဒါတွေ သဘောကျတာပေ့ါ'

ခိုင့်စကား ဆုံးဆုံးချင်း ကိုအောင်ခန့်ကပြောသည်။ ကိုအောင်ခန့်က တည် တည်ကြည်ကြည်ပြောပေမယ့် ခိုင့်မှာ မဝံ့မရဲဖြစ်ရသည်။ ခိုင်က လူတွင်ကျယ်လုပ် သလိုများ ဖြစ်သွားမလား။ သို့သော် တစ်စုံတစ်ရာ အရိပ်ကင်းစင်သော ကိုအောင်ခန့် မျက်လုံးတွေကြောင့် ခိုင် အနေချောင်သွားရသည်။

'ခိုင့်ကိုလည်း ကျွန်တော် ဝေဖန်ကြည့်မယ်နော်။ ခိုင့်မျက်လုံးတွေက နက်တယ်။ အကြည့်စူးပေမယ့် မတောက်ပဘူး။ ဘာပဲဖြစ်ဖြစ် ခိုင်ဟာ လူတစ်

ယောက်ကိုတွေ့ရင် သေသေချာချာအကဲခတ်တတ်ပြီး အဲသည်သူအပေါ် ခိုင်ရဲ့ဝေဖန်ချက်တွေကလည်း ရာနှုန်းတော်တော်များများ မှန်ရမယ်။ ပြီတော့ ခိုင့်နှုတ်ခမ်းပုံသဏ္ဌာန်နဲ့ အနေအထားက တစ်ခါတလေ မလိုအပ်ဘဲ မာနကြီးမယ့်ပုံစံမျိုး။ ဟုတ်သလား'

'မသိဘူးလေ'

ဟုသာ ခိုင် ပြောဖြစ်သည်။

တကယ်လည်း ခိုင် မသိပါ။ ဒါပေမဲ့ အဲသည်စကားက နည်းနည်းတော့ မှန်မည် ထင်ပါသည်။ မိန်းကလေး အတန်းဖော်တချို့က ခိုင့်အား မာနကြီးတယ် ဟု ဝေဖန်ကြောင်း အတန်းဖော်ရင်းနှီးသူ တချို့ထံမှ ပြန်ကြားရပြီး ယောကျ်ားလေး အတန်းဖော်တွေကတော့ တစ်လောကလုံး သူ့လုပ်စာစားနေရတဲ့မျက်နှာမျိုးဟု မကြားတကြား ပြောတတ်ကြသည်လေ။ သည်အတိုင်းဆို ကိုအောင်ခန့်ဝေဖန်တာ မှန်တာပေ့ါ။

တက္ကသိုလ်တက်နေသည့် ကာလတစ်လျှောက်လုံး ဆိုးတိုင်ပင် ကောင်းတိုင်ပင် သွားအတူလာအတူ မိန်းကလေးသူငယ်ချင်း မရှိခဲ့တာလည်း အဲဒါကြောင့်ဟု ပြောရမည်ပဲထင်သည်။ ပထမနှစ် စတက်ကတည်းက ခိုင့်ကို ဘယ်သူကမှ စပြီး မိတ်ဆွေ့မဖွဲ့ခဲ့သလို ခိုင်ကလည်း ဘယ်သူ့ကိုမှ စပြီးစကားမစမိခဲ့ခြင်းက ခိုင် မာနကြီးတာ တစ်ခုတည်းကြောင့်တော့ မဟုတ်တန်ရာပါ။ သို့သော် ခိုင့်မှာ ပရက်တီကယ် အတူတူလုပ်ရင်း ရယ်စရာမောစရာတွေပြောရသော သူငယ်ချင်းတွေ ရှိ တာပဲ။ တစ်ခါတလေဆို ကင်တင်းအတူထိုင်ရင်း တစ်ခါတလေ ထမင်းဘူး အတူစား ကြရင်းတောင် ရှိရဲ့။ ဒါပေမဲ့ အမြဲမခွဲမခွာ တတွဲတွဲနေသောသူငယ်ချင်း မရှိတာကို တော့ ခိုင် ဝန်ခံပါသည်။ အဲသည်အတွက်လည်း ခိုင် ဝမ်းမနည်းမိပါ။

အနားမှာ တတွဲတွဲရှိနေမည့် သူငယ်ချင်းတစ်ယောက် ထားရလောက်

အောင် ခိုင် အချိန်တွေက ပိုမနေပါ။ အတန်းအားသည့်အချိန်များတွင် စာအုပ်တစ်အုပ်ကို အချိန်လုဖတ်နေရသည်လေ။ တစ်ခါတလေတော့ အတန်းထဲမှာ စာသင်ရင်းစိတ်မဝင်စားတော့လျှင် ဆရာစာသင်နေတာကို ကြည့်ရင်းနှင့်ပင် ကဗျာတစ်ပုဒ်ကောက်စပ်နေလိုက်သည်။ တခြားသူအများစုလို စကားတကွိကွိပြောမနေ၍ ဆရာစာသင်တာကိုလည်း အနှောင့်အယှက် မဖြစ်တော့ဘူးပေ့ါ။

ဒါပေမဲ့ ကိုအောင်ခန့်အတွက်တော့ ခိုင့်မှာ အချိန်တွေ ရှိနေတတ်သည်။

၃။

'ခိုင်က မိန်းမမဆန်ဘူး'

ဟု ကိုအောင်ခန့်က မကြာခဏပြောတတ်သည်။ ခိုင့်ကိုယ်ခိုင် မိန်းမဆန်သလား၊ မဆန်သလား မသိပါ။ တခြားမိန်းကလေးတွေလို မျက်နှာကို လှပအောင်ရောင်စုံမခြယ်တတ်တာတော့ အမှန်ဖြစ်သည်။ မျက်နှာကိုပြင်ဆင်ရမှာ အင်မတန်ပျင်းသော ခိုင့်အတွက် သနပ်ခါးနှင့်ပင် သိပ်မရင်းနှီးချင်။ နောက်ပြီး လုံချည်အကျႌတွေ၏ အရောင်အသွေးကိုလည်း ခိုင် သိပ်မတွဲစပ်တတ်။ ကျောင်းသွားဖို့ ရေမိုးချိုးပြီးလျှင် မျက်စိထဲက အလွယ်တကူတွေ့ရာလုံချည်နှင့် အကျႌကိုသာ ဆွဲဝတ်သွားတတ်သည်။

တစ်ခါက ကျောင်းဆင်းခါနီး မှာ ကိုအောင်ခန့် ခိုင့်စာသင်ခန်းဆီ ရောက်လာ၏ ။

'ကျွန်တော်တို့ ပရက်တီကယ် အခုမှပြီးလို့'

ဟု ပြောသည်။ ကျောင်းလွှတ်ချိန်နီး၍ အိမ်ပြန်ဖို့ပြင်တော့မှ မိုးက သည်းသည်းထန်ထန် ရွာချတော့သည်။ ထီးမဆောင်းတတ်သော ခိုင်က မိုးရွာထဲ စတင်ခြေလှမ်းသည်။ ကိုအောင်ခန့်က သိပ်မထူးဆန်းသော်လည်း အံ့ဩသောမျက်လုံးများဖြင့်ကြည့်ပြီး...

'ခိုင်က မိန်းမမဆန်ဘူး'

ဟု ပြော၏ ။ ခိုင့်ကိုယ်ခိုင် မသေချာစေသည့် သူ့ဝေဖန်စကားကြောင့် ခိုင် စကားမပြန်ဖြစ်ခဲ့။ မိန်းမဆန်ဆန် မဆန်ဆန် မိန်းမဟာ မိန်းမပါပဲဟုတော့ တွေးဖြစ်လိုက်သည်။ ခိုင်က မိန်းကလေးပီပီသသ နွဲ့နွဲ့နှောင်းနှောင်း မနေတတ်သော် လည်း မိန်းမဖြစ်ရခြင်းအတွက် ဘယ်တော့မှဝမ်းမနည်းမိ။ မကျေမနပ် မဖြစ်မိ။ နှုတ်ခမ်းနီပါးနီခြယ်ထားသော နွဲ့နှောင်းအချိုးကျသော တချို့မိန်းမလှလေးတွေထံမှ ယောကျ်ားလေးဖြစ်ချင်တယ် ဟူသော တောင့်တသံတချို့ကို ခိုင် မကြာခဏကြား ဖူးထားသည်လေ။

ဒါပေမဲ့ ယောကျ်ားလေးဖြစ်ချင်သော သူမတို့က တကယ့်ယောကျ်ားလေး တွေနှင့် ဆုံလျှင်တော့ ယောကျ်ားလေးဖြစ်ချင်စိတ်တွေ ပျောက်ကုန်သလားမသိ။ မဝံ့မရဲ ရှက်ကိုးရှက်ကန်းအမူအရာတွေ စီကာဆင့်ကာ ပေါ်လာတတ်သည်။ ယောကျ်ားလေးဖြစ်ဖို့ ဘယ်တုံးကမှ မတောင့်တဖူးသော ခိုင်ကတော့ ယောကျ်ား လေးတွေအပေါ် မဝံ့မရဲပုံစံနှင့် ဘယ်တော့မှ မဆက်ဆံမိခဲ့ပေ။ အဲသည်လို မဝံ့မရဲ ဖြစ်ရမှာကိုပင် ရှက်သလိုလို။ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် လူလူချင်း ဘာလို့ မဝံ့မရဲဖြစ်စရာ ရှိသလဲနော်။

တစ်ခါတုန်းကလည်း ကိုအောင်ခန့်နှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ကိုအောင်ခန့်သောက်နေသော ကြောင်နက်ဆေးပေ့ါလိပ်ကို တောင်းသောက်မိဖူး၏ ။

'ခိုင့်ကို တစ်ဖွာလောက်ပေးပါ ကိုအောင်ခန့်။ ခိုင် သောက်ကြည့်ချင်လို့'

ကိုအောင်ခန့်က ယောကျ်ားထုများသော လက်ဖက်ရည်ဆိုင်ထဲ မျက်လုံးဝေ့ ကြည့်ရင်းနှင့်ပင် ဆေးလိပ်ကို ကမ်း၏ ။ ဆေးလိပ်အငွေ့ကို အားပါးတရရှိုက်သွင်း မှုတ်ထုတ်နေသော ခိုင့်ကို စူးစူးစိုက်စိုက်ကြည့်ကာ ပြောသည်။

'ခိုင်က မိန်းမမဆန်ဘူး'

'ကြောင်နက်က ပြင်းတယ်နော် ကိုအောင်ခန့်။ ခိုင် ဂျိုးသိန်းတို့ နှင်းဆီတို့ သောက်ဖူးတယ်။ ကြောင်နက်လောက် မပြင်းသလိုဘဲ'

ကိုအောင်ခန့်က ထုံးစံအတိုင်း အေးစက်စက်အပြုံးနှင့် စိုက်ကြည့်သည်။ ခေါင်းတဆတ်ဆတ်ညိတ်ရင်း...

'သဘောကျဖို့ကောင်းတယ်'

ဟု တစ်ကိုယ်တည်း ညည်းသလို ပြော၏ ။

'ဘာကို သဘောကျဖို့ကောင်းတာလဲ ကိုအောင်ခန့်။ ပြီးတော့ ခိုင့်ကို မိန်းမမဆန်ဘူးလို့ ဘာဖြစ်လို့ပြောတာလဲ'

ခိုင်က အလောတကြီးမေးတော့ ကိုအောင်ခန့်က မဆိုင်းမတွဖြေသည်။

'ခိုင်က နေရာတိုင်းမှာလိုလို မိန်းမမဆန်ဘဲ နေရာတိုင်းမှာလိုလို သဘောကျ ဖို့ကောင်းတာပါ။ ခိုင့်နာမည်အရင်း ခိုင်ခိုင်ကျော် ဆိုတာကိုက မိန်းကလေးနာမည် ပီပီသသမှ မဟုတ်တာ။ မိန်းမမဆန်ဘူးလေ။ ဒါပေမဲ့ စကားပြောရင် ခိုင်လို့ ထည့်ပြောတတ်တာတစ်ခုကတော့ မိန်းမဆန်တယ်'

'အမယ်... အဲသည်လို မပြောပါနဲ့။ ခိုင့်သူငယ်ချင်းထဲမှာ ဇော်မိုးဆိုတဲ့ ကောင်လေးတစ်ယောက်ရှိတယ်။ သူကစကားပြောရင် ဇော်မိုးကလေ လို့ ပြောတတ်တယ်။ ယောကျ်ားလေးထဲမှာလည်း နာမည်ထည့်ပြောတတ်တဲ့သူ ရှိပါတယ်နော်'

'ကဲ... ကြည့်၊ ခိုင့်ကို မိန်းမဆန်တယ်လို့ပြောတာ ခိုင် မကြိုက်ဘူး မဟုတ်လား။ အသည်းအသန် ကာကွယ်နေတယ်။ တချို့မိန်းကလေးတွေက မိန်းမ ပီပီသသလေးလို့ပြောရင် သိပ်သဘောကျတာ။ ခိုင်ကတော့ မိန်းမမဆန်တာကိုကဘဲ

သဘောကျဖို့ကောင်းနေတာ'

သဘောကျဖို့ကောင်းတယ် ဆိုသည့်အတွက် ခိုင်

စကားမဆက်ဝံ့တော့ပေ။ နောက်ထပ် စကားဆက်မိလျှင် သဘောကျဖို့ကောင်းတယ်ဟု ကိုအောင်ခန့်ပြောထား တာကြောင့် ဆက်ပြောသည်ဟု ထင်သွားမှာကြောက်၍ ဖြစ်သည်။ ဒါတောင် ခိုင်က ဆက်ပြောမိသေးသည်။

'ခိုင်ကတော့ ကိုအောင်ခန့်ဆိုတဲ့ နာမည်ကို ပိုသဘောကျတာ။ ယောကျ်ား လေးနာမည်ဆိုရင် ခိုင်က အဓိပ္ပာယ်ရှိရှိ ခံ့ခံ့ညားညားမှ ကြိုက်တယ်။ ပြီးတော့ မာရမယ်။ ကိုအောင်ခန့်နာမည်လိုပေ့ါ။ အောင်ဇော်တို့၊ ခိုင်တင်တို့၊ ဇော်မြင့်တို့၊ လှဘုန်းတို့ အဲဒါမျိုး သဘောကျတယ်။ ခိုင့်နာမည်ကိုလည်း သဘောကျတာပါပဲ။ မေမေတို့အပေါ် ခိုင်နဲ့ပတ်သက်ပြီး ခိုင် သဘောကျတဲ့အထဲမှာ ခိုင်ခိုင်ကျော်လို့ နာမည်မှည့်ထားပေးတာတစ်ခုလည်း ပါတယ်'

ကိုအောင်ခန့်က ကြောင်နက်ဆေးပေ့ါလိပ်ကို မျက်လုံးမှေးစင်းကာ ရှိုက် ဖွာရင်း ခိုင့်ကိုကြည့်နေသည်။ နှစ်ဖွာသုံးဖွာ ဆက်ရှိုက်ပြီးတော့မှ လေးလေးပင်ပင် စကားဆိုသည်။

'ခိုင့်လိုမိန်းကလေးမျိုး တခြားတစ်ယောက်ယောက် ရှိချင်လည်း ရှိမှာပေ့ါ လေ။ ဒါပေမဲ့ ကျွန်တော့်အသက်က အခု ၂၄ နှစ်။ နောက်ဆုံးနှစ်လည်းရောက်ပြီ။ ကျွန်တော့်ဘဝသက်တမ်းတစ်လျှောက်မှာတော့ ခိုင့်လိုမိန်းကလေးမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး'

အဲသည်စကားကြားတော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးဂုဏ်ယူစိတ်တွေ ဝင်မသွားအောင် ခိုင့်ကိုယ်ခိုင် အတော်သတိပေး ထိန်းချုပ်လိုက်ရသည်။

၄။

'ခိုင်တို့အိမ်အကြောင်း ကျွန်တော့်ကို ပြောပြပါလား'

ကိုအောင်ခန့်က စိတ်လိုလက်ရ မေးဖူးသည်။ ခိုင်က သိပ်စိတ်မပါသော်လည်း စီကာစဉ်ကာ ပြောပြဖြစ်၏ ။

'ခိုင့်ဖေဖေက လူဝင်မှုကြီးကြပ်ရေးမှာလုပ်တယ်။ မေမေကတော့ အိမ်မှာ စတိုးဆိုင်ဖွင့်ထားတယ်။ ခိုင်က အလတ်။ အထက်မှာ မမနိုင်ရှိတယ်။ အငယ်ဆုံးက မောင်လေးပိုင်တဲ့။ တချို့တွေကပြောတယ် အလတ်ဆိုတာ လပ်တတ်တယ်တဲ့။ ခိုင်တော့ မထင်ပါဘူး။ တစ်ခုတော့ရှိတယ်၊ ခိုင့်ကိုယ်ခိုင် လပ်လို့လပ်မှန်းမသိတာ တော့ ဖြစ်ချင်ဖြစ်မယ်။ ဖေဖေက သူ့သမီးအကြီးနိုင့်ကို ဦးစားပေးတာ ခိုင်သိတယ်။ ပိုင့်ကိုတော့ မေမေက အချစ်ဆုံးဆိုတာလည်း ခိုင်သိတယ်။ ဖေဖေနဲ့မေမေ့နားမှာ မောင်လေးနဲ့ မမနိုင် ရောက်ရှိနေချိန်ဆို ခိုင်က ခိုင့်အခန်းထဲမှာ စာအုပ်တစ်အုပ်နဲ့ ရှိနေတာပဲ။ စာဖတ်ချင်ဖတ်၊ ကဗျာရေးချင် ရေးနဲ့ပေ့ါ။ မမနိုင်က အလှကြိုက်တယ်။ နွဲ့နွဲ့နှောင်းနှောင်း ကြော့ကြော့ရှင်းရှင်းနဲ့ နေတတ်တယ်။ ဖေဖေက အလိုလိုက်မှန်း သိလို့ ဖေဖေ့ကိုဆို သိပ်ချွဲတာ။ မောင်လေးကလည်း မေမေ့ကို ချွဲတာပါပဲ။ ခိုင်က တော့ တစ်ခါတလေ ချွဲချင်စိတ်ပေါက်လာရင်တောင် ဘယ်လိုချွဲရမယ်မှန်း မသိ တာနဲ့ တစ်ခါမှကို မချွဲဖြစ်တော့ဘူး။ အိမ်ကလူတွေကတော့ ခိုင့်ကို ဂျစ်တူးမတဲ့။ ခိုင်ဖြင့် ဘာမှမလုပ်ဘဲနဲ့။

'ခိုင်တစ်ယောက်တည်း လျှောက်သွားရင်တော့ သိပ်ဆူကြတာပဲ။ ဘုရား ကို တစ်ယောက်တည်းသွားတယ်။ တစ်ယောက်တည်း ရုပ်ရှင်ကြည့်တယ်။ တစ်ခါ တလေ ပျင်းရင် တစ်ယောက်တည်း ကားလိုက်စီးတတ်သေးတယ်။ တစ်ယောက် တည်းပဲ ရှိတာကိုး။ အဖော်ခေါ်စရာမှ မရှိတာ။ နောက် ကြာလာတော့လည်း တစ် ယောက်တည်းနေရတာ ကို ကြိုက်လာတာပါပဲ။ အဖော်နဲ့ဆိုရင် ငဲ့ညှာနေရဦးမယ်။ တစ်ယောက်တည်းဆိုတော့ ဘယ်သူ့ကိုမှ အားနာစရာ မလိုတော့ဘူးပေ့ါ။ သွားချင် သွား၊ နားချင်ရာနားပဲ။ ဖေဖေ မေမေတို့ကတော့ တားတာပေ့ါ။ မမနိုင်ဆို သိပ်ဆူ တာပဲ။ နင့်ကိုယ်နင် ဘာမှတ်လဲတဲ့။ မကြောက်ဘူးလားတဲ့။ ခိုင့်ကိုယ်ခိုင် ဘာမှတ်ရ မှာလဲ။ ကြောက်လည်း မကြောက်ပါဘူးလို့ ပြန်ပြောလိုက်တယ်။ တကယ်လည်း မကြောက်ပါဘူး။ ဘာကြောက်စရာရှိသလဲနော်။ လောကကြီးမှာ တစ်ယောက်တည်း နေဖို့ ခွင့်ပေးထားရင် တစ်ယောက်တည်းနဲ့ ပျော်အောင်နေရမှာပေ့ါ။

မဟုတ်ဘူးလား'

နောက်ဆုံးတော့ မိသားစုအကြောင်း ပြောရင်းနှင့်ပင် ခိုင့်အကြောင်းများ ဆီသာ ရောက်ကုန်တော့သည်။ ခိုင့်ကိုယ်ခိုင် သတိထားလိုက်မိ၍ စကားကို ရပ်လိုက်၏ ။ ပြီးတော့ မလုံမလဲနှင့်...

'ခိုင်က တစ်ကိုယ်ကောင်းလည်းဆန်တတ်သလား မသိပါဘူး'

ဟု ရှက်ကန်းကန်း ပြောမိသေးသည်။

ကိုအောင်ခန့်ကတော့ မိသားစုအကြောင်းမှသည် ခိုင့်အကြောင်းဆီသို့ ရောက်သွားသည်ကို သတိထားမိပုံ မပေါ်ပါ။ စူးရဲသောမျက်လုံးများနှင့် စိုက်ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်ကာပင် ရှိနေ၏ ။ ခိုင်က စကားမဆက်တော့တာ အတန်ကြာမှ သူ စကားစသည်။

'ခိုင့်ကို ရဲရင့်တယ်လို့ပဲ ပြောရမလား။ တစ်ဇွတ်ထိုးဆန်တယ်လို့ပဲ ပြောရမလားတော့ မသိဘူး။ ကျွန်တော်တော့ သဘောကျတာ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော်က အဲသည်မိန်းကလေးမျိုးကို စံပြအနေနဲ့ အထင်တကြီးသာ ကိုးကွယ်ချင်တာ။ ပိုင်တော့ မပိုင်ဆိုင်ချင်ဘူး'

ကိုအောင်ခန့်စကားကြောင့် ခိုင် ဆတ်ခနဲ လှုပ်ရှားသွားသည်။ ကိုအောင်ခန့် ကတော့ သူ့ရင်ထဲမှာရှိသည့်အတိုင်း ဣန္ဒြေမပျက် ပြောနေသည်ပင်။ ကိုအောင်ခန့် စကားအတွက် ခိုင် ရင်ဖိုသွားတာလား၊ အံ့ဩသွားတာလား မသိပါ။ တစ်ခုခုတော့ ဖြစ်သွားတာ သေချာ၏ ။ ဝမ်းနည်းသွားတာ ဆိုရင်လည်း ဖြစ်လိမ့်မည်။ ကိုယ့်လို မိန်းမတစ်ဦးကို မပိုင်ဆိုင်ချင်ဘူးဆိုသည့် ယောကျ်ားတစ်ဦးအပေါ် မကျေမနပ်ဖြစ် သွားတာလည်း ဖြစ်နိုင်သည်။ အထင်တကြီး ကိုးကွယ်ချင်တယ် ဆိုသောစကား အတွက်တော့ ကျေနပ်သလိုလိုပင်။

ဒါပေမဲ့ ငါ့မှာ ဘာမှ အထင်တကြီး ကိုးကွယ်စရာလည်း မရှိဘဲနဲ့ဟု တွေးလိုက်မိပြန်တော့ ခုန ကျေနပ်သွားမိသည့်စိတ်ကိုပင် ဒေါသဖြစ်မိပြန်သည်။

ကိုအောင်ခန့်က ခိုင့်လိုမိန်းမမျိုးကို မပိုင်ဆိုင်ချင်ပေမယ့် ခိုင်ကတော့ ကိုအောင်ခန့် လိုလူမျိုးကို ခိုင့်အနားမှာ ရှိနေစေချင်တယ်ဟု စိတ်ထဲမှ ပြောလိုက်သည်။ တစ်နေ့ နေ့တော့ ပါးစပ်မှ ထုတ်ပြောလိုက်မည်ဟုလည်း မဝံ့မရဲ ဆုံးဖြတ်လိုက်မိသေးသည်။

၅။

စက္ကန့်စည်းချက်

ထန်သွက်မာန်ပြင်း၊ ဆီးနှင်းရှိုက်ညည်း

ငိုပြီးနှုတ်ဆက်၊ သစ်ရွက်အိမ်ရိပ်

တံစက်မြိတ်မှ၊ သဲမြေစပေါ်

အော်ဟစ်ခုန်ချ၊ ထိုခဏမှာ

လှသောပန်းလေး ပွင့်သလို...။ ။

ကိုအောင်ခန့်က ကဗျာကို တိုးတိုးရွတ်ဆိုသည်။

'အင်း... ကျွန်တော်သာဆိုရင်တော့ နှင်းကလေးတွေကို ပျော်ပျော်ပါးပါးပဲ ကျခိုင်းမိမှာပဲ။ ခိုင့်လို ငိုရှိုက်ပြီး ကျခိုင်းမှာတော့ မဟုတ်ဘူး။ ပြီးတော့ ထိုခဏ ဆိုတဲ့ စကားလုံးကိုလည်း ထည့်မိမှာ မဟုတ်ဘူး။

'နှင်းတွေကျတဲ့အချိန်က ခဏလေးမှ မဟုတ်တာ။ ဆောင်းတွင်းတစ်ရာသီ လုံးလေ။ အဲ... တစ်ရက်တည်းမှာကြည့်ရင်တောင် နာရီတော်တော်များများကြာ အောင် ကျတာ။ အော်ဟစ်ခုန်ချ ဆိုတာကလည်း ငိုပြီးမှ အော်ဟစ်ခုန်ချလို့ရတာ မဟုတ်ပါဘူး။ ရယ်မောပျော်ပါးရင်းနဲ့လည်း အော်ဟစ်ခုန်ချလို့ ရတာ ပါပဲ ခိုင်ရယ်'

အဲသည်လို ခိုင်က တွေးမိသမျှ သာမန်ကာလျှံကာရေးလိုက်သော အကြောင်းအရာလေးတွေကို ကိုအောင်ခန့်က လေးလေးနက်နက် ဖတ်ရှုဝေဖန် တတ်သည်။ သူပြောမှပဲ ခိုင်လည်း ကိုယ့်ကဗျာကိုယ် သေသေချာချာ ပြန်ဖတ်မိပြီး

ဟုတ်သားပဲ ဟု တွေးမိတတ်ပြန်သည်။

နှင်းကလေးတွေဆို ပျော်ပျော်ပါးပါးပဲ ကျခိုင်းသင့်တာပဲ့နော်။ နှင်းကလေး တွေရဲ့ အေးမြမှုနဲ့ လိုက်လျောညီထွေဖြစ်ဖို့ အပျော်သည်သာ အကောင်းဆုံးဖြစ်ရမှာပေ့ါ။

ကိုအောင်ခန့်က ကဗျာကို တကယ်ပဲ ဘဝနဲ့ လိုက်လျောညီထွေရှိအောင် တွေးတတ်တာပါပဲလား။ ခိုင်ကတော့ အဲသည်လောက်အထိ နက်နက်နဲနဲကို မတွေးမိခဲ့ပါ။ မြင်ရသောမြင်ကွင်းအပေါ် ခံစားရသောခံစားမှု အရင်ဆုံးပေါ်လာသည့် အတွေး အတိုင်း ရေးချလိုက်မိတာပဲဖြစ်သည်။ သဘာဝ ကျမှု၊ လိုက်လျောညီထွေရှိမှုတွေကို သိပ်အလေးအနက် မထားခဲ့မိတာလည်း အမှန်ပင်ဖြစ်၏ ။

'ဟုတ်ပါရဲ့ ကိုအောင်ခန့်ရယ်။ ခိုင်က အသေအချာ မစဉ်းစားမိခဲ့ဘူး။ အဲသည်လို စူးစူးရှရှမြင်တတ်တာကို ခိုင် တကယ်သဘောကျတယ်'

'သစ်ရွက်ပေါ်၊ အိမ်တံစက်မြိတ်ပေါ်ကနေ နှင်းစက်လေးတွေ တပေါက်ပေါက် ကျပါများတဲ့အခါမှာတော့ မြေကြီးပေါ်မှာ ပန်းပွင့်ကလေးတွေနဲ့တူတာ အမှန်ပဲဗျ။ ခရေပွင့်လေးတွေလိုလို၊ နန်းလုံးကြိုင်ပွင့်လေးတွေလိုလိုနဲ့။ ဒါပေမဲ့ လှသောပန်း ဆိုတာထက် သနားစရာကောင်းတဲ့ပန်း ဆိုရင် ပိုမှန်မလားပဲ'

ကိုအောင်ခန့်က တမင် အပြစ်ရှာပြောနေတာလား မသိပါ။ ခိုင်က အဲသည်လို ဆွေးနွေးငြင်းခုံရခြင်းတွေကို ကြိုက်မှန်းသိလို့ တမင် အပြစ်တွေ၊ ဆန့်ကျင်ဘက်တွေ ရှာပြောနေတာများလားဟု တွေးမိသည့်ကြားမှာပင် ခိုင် စောဒက တက်မိသေးသည်။

'အို… လှသောပန်း ဆိုရင်လည်း ရတာ ပါပဲ။ သနားစရာကောင်းတဲ့ပန်းကကော မလှရတော့ဘူးလား'

'ခိုင်က ကတ်ပြောပြန်ပြီထင်တယ်။ ဥပမာ ခရေပန်းဗျာ။ သူ့ကို

လူတွေက အကြွေပန်း၊ သနားစရာကောင်းတဲ့ပန်းလို့ သတ်မှတ်ကြတယ်။ ဒါပေမဲ့ ခရေပန်းက မွှေးတာကလွဲရင် ဘယ်မှာလှလို့လဲ။ အဲ... ချစ်စရာကောင်းတယ်လို့တော့ ဆိုနိုင်

တာပေါ့လေ'

ခိုင် တစ်ခုခုပြန်ပြောဖို့ စဉ်းစားသည်။ ကိုအောင်ခန့်ကို ထိထိမိမိ ပြန်ချေပ နိုင်ဖို့ပေါ့။ ခိုင်က အငြင်းအခုံသန်ပေမယ့် ကိုအောင်ခန့်လို စကားကို ကွယ်ကွယ်ဝဝ မပြောနိုင်တာ ခိုင့်ကိုယ်ခိုင် သိသည်။

ဒါပေမဲ့ ခိုင်က ကိုအောင်ခန့်ပြောဖူးတဲ့အတိုင်း မလိုအပ်ဘဲ မာနကြီးစွာ

'ခိုင်ကတော့ ခရေပန်းဆို လှတယ်ထင်တာပဲ'

ဟု ခေါင်းမော့ကာ မာတင်းတင်း ဆိုမိသေးသည်။ သည်တော့ ကိုအောင်ခန့် က ထုံးစံအတိုင်း ပြုံးရိပ်ထင်ရုံ နှုတ်ခမ်းပါးများဖြင့် ကြည့်၍ ။

'ခိုင်ရယ်၊ ဘာလို့ စိတ်ထဲမှာရှိတဲ့အတိုင်း ဝန်မခံချင်ရတာ လဲ'

အဲသည်စကားကိုတော့ ကိုအောင်ခန့်က တမင် ဆရာကြီးစတိုင်လ်နှင့် ပြောလိုက်တာပဲဟု ခိုင် ထင်သည်။ ခိုင့်ရင်ထဲကို သူက ထိုးထွင်းသိမြင်နေသလိုလို နှင့်ပေါ့။ ခိုင်က မာနနှင့် ငြင်းဆန်ထားပေမယ့် မလုံမလဲလိုလိုဖြစ်ကာ မညီမညွတ် ပြောနေမိသေးသည်။

'ကဲလေ... ခရေပန်းက မလှလည်း သူ့အနံ့ကို ခံစားနိုင်တာပဲ မဟုတ်လား'

'အနံ့ရော အလှပါရှိမယ်ဆိုရင် အနံ့ကိုရော အလှကိုပါ ခံစားကြတာပေါ့။ ခရေပန်းက အနံ့မှာ ပိုစွဲမက်ဖွယ်ကောင်းလို့ အနံ့ကို သတိထားခံစားကြတာပေါ့။ နှင်းဆီပန်းအနံ့လိုမျိုး အလှက ပိုဆွဲဆောင်နိုင်မယ်ဆိုရင် နှင်းဆီရဲ့အလှကိုပဲ ခံစားမှာ ပေါ့။ လူတိုင်းဟာ အလှအပကိုတော့ ခံစားချင်ကြတာပါပဲ ခိုင်ရယ်'

'ဘာလဲ၊ ကိုအောင်ခန့်က အလှူကြိုက်တတ်သလား'

ခိုင်က စကားကို နိုင်အောင်မပြောနိုင်သလို ဘုတောတော့ ကိုအောင်ခန့်က ခိုင်သဘောကျသောဟန်နှင့် ခပ်ဟက်ဟက်ရယ်နေသည်။ ပြီးတော့မှ...

'လူသားပဲ ခိုင်ရယ်။ အလှအပကိုတော့ ခံစားချင်ကြတာပဲပေါ့'

ဟု ခုနစကားကိုပင် မပွင့်တပွင့် ထပ်ပြောလေသည်။

၆။

ကိုအောင်ခန့်မလာလျှင် ခိုင် မျှော်တတ်သည်။

နောက်ပိုင်းတော့ စာသင်နေရင်း အဆမတန်ပျင်းလာလျှင် ကိုအောင်ခန့်ကို သူ့အခန်းမှာ သွားရှာမိတတ်သည်။ တစ်ခါတလေ ခိုင့်ဆီလည်း ရောက်မလာ၊ သူ့ အခန်းသွားရှာ၍ လည်း မတွေ့လျှင်တော့ ခိုင် မသိမသာ စိတ်ပူမိတတ်သည်။

ဒါပေမဲ့ သိပ်တော့လည်း မကြာပါ။ နှစ်ရက်၊ သုံးရက်ဆို ကိုအောင်ခန့် ရောက်လာတတ်ပါသည်။ အဲသည်အချိန်ကျပြန်တော့ ခိုင်ကလည်း ကိုအောင်ခန့် ဘာလို့မလာတာလဲ ဟု မမေးဖြစ်တော့ဘဲ ကိုအောင်ခန့်ကလည်း ကျွန်တော် ဘာကြောင့်မရောက်တာ ဟု မပြောဖြစ်ပေ။ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ဆီ ခြေဦးတည်ရင်း မတွေ့ဖြစ်ကြသောရက်များအတွင်းက ရေးဖြစ်ခဲ့သော ကဗျာတွေကို ဖလှယ်ဖတ်ရှုရင်း ဝေဖန်ငြင်းခုံရင်းသာ ရှိတော့သည်။

ပန်းချီပြပွဲသတင်း ကြားလျှင်တော့ ကိုအောင်ခန့် မပျက်မကွက် လာခေါ်တော့သည်။ ပန်းချီတစ်ကားချင်းစီကို အသေအချာကြည့်၊ ပန်းချီကား၏ ရည်ရွယ်ချက်တွေ၊ အနုပညာတွေ၊ ဆေးရောင်တွေ၊ စုတ်တံတွေအကြောင်း ကိုယ်ထင်ရာ ကိုယ်ပြော၊ ငြင်းခုံကြရင်းသာ ရင်းနှီးမှုကို တိုးပွားစေခဲ့သည်။ တစ်ခါတစ်ရံတော့

ခိုင်မမြင်လိုက်သော ပန်းချီကားထဲမှအကြောင်းအရာ၊ ခံစားချက်၊ အသိတစ်ခုခုကို ကိုအောင်ခန့်ဆီမှ ရတတ်သည်။

တစ်ခါတစ်ရံ ခိုင်က မြင်သလောက်ပြန်ပြောပြလျှင်...

'ဟာ... ခိုင်ပြောတဲ့နေရာလေးကို ကျွန်တော် သတိမထားလိုက်မိဘူး'

ဟု အားပါးတရ ဝန်ခံတတ်သည်။ အဲသည်လိုဝန်ခံမှုအတွက် ကိုအောင်ခန့် ကို ခိုင် သဘောကျနေချိန်တွင်-

'ခိုင့်ကို ကျွန်တော် အဲဒါတွေ သဘောကျတာပေါ့'

ဟု ကိုအောင်ခန့်က ဆိုတတ်သည်။ ထိုအခါ ခိုင် ပြုံးမိသောအပြုံးကို ရှက်ပြုံးဖြစ်သွားမှာ စိုးသဖြင့် ရယ်မောခြင်းတစ်ခုအဖြစ် အသွင်ပြောင်းလိုက်ရသည်။

ကိုအောင်ခန့်ကတော့ ဘယ်လိုနေမည် မသိ။

ခုနောက်ပိုင်းကာလများတွင်...

'ခိုင့်ကို အဲဒါကြောင့် သဘောကျတာပေါ့'

ဟု ကိုအောင်ခန့်ပြောလိုက်တိုင်း ခိုင် ရင်ခုန်ချင်သလိုလို ဖြစ်သွားတတ်သည်။ အဲသည်စကားမျိုးက စပြီးခင်မင်ကြကတည်းက ကြားဖူးနေတာပဲဟု ခိုင့်ကိုယ်ခိုင် အားတင်းသည်။ အဲသည်လိုပြောတာ ကြားလို့ ကျေနပ်သွားတာကို ရင်ခုန်တယ်ထင်တာပါဟု ဖြေတွေးသည်။

ဒါပေမဲ့ ကျေနပ်တာနှင့် ရင်ခုန်တာ မကွဲပြားရလောက်အောင် ခံစားမှုကို သရုပ်ခွဲတာ မညံ့ကြောင်း ခိုင့်ကိုယ်ခိုင် သိပါသည်။ ဒါဆို တကယ်ရင်ခုန်တာပဲလားဟု အထပ်ထပ်တွေးဖြစ်သည်။ အတွေးက ဘယ်တော့မှ ဝန်မခံပေ။

ကိုအောင်ခန့်ကို တမ်းတမ်းတတ မျှော်မိချိန်များတွင်လည်း ဦးနှောက်ကို

စစ်မေးကြည့်သည်။ လာနေကျလူ မလာလို့မျှော်တာ မဆန်းပါဘူးဟု ဦးနှောက်၏ ဆင်ခြေကို ရ၏ ။ ဒါဖြင့် တစ်ခါတလေ မနေနိုင်မထိုင်နိုင် သူ့အခန်းဆီ လျှောက်သွားရှာဖွေမိတာတွေကရော။

အဲသည်အခါမှာတော့ အို... ရှုပ်ပါတယ်ဟု အတွေးကို ဖြတ်တောက်ပစ်လိုက်မြဲပင်။ သို့သော် အိမ်မှာ မမနိုင်နှင့် စကားများတာကိုလည်း ကိုအောင်ခန့်ကို ပြန်ပြောချင်လာသည်။ ကဗျာတစ်ပုဒ်ရေးဖို့ ကာရန်ရှာမရဖြစ်နေသည့် အချိန်မျိုးမှာလည်း ကိုအောင်ခန့်ကို တမ်းတမိလာသည်။

အိပ်မက်ထဲတွင် ခိုင် မောပန်းတကြီးရှာဖွေနေသူသည် ကိုအောင်ခန့် ဖြစ်နေတတ်သည်။ ခါတိုင်း ခိုင်တစ်ယောက်တည်းသွားနေကျ ခရီးများတွင် ဘေးမှာ ကိုအောင်ခန့်ပါရင် သိပ်ကောင်းမှာပဲဟု တွေးမိတတ်လာသည်။ ခိုင့်ကိုယ်ခိုင် သတိထားမိတာတွေ များလာတော့ ညည်း သိပ်ပျော့ညံ့နေပြီလား မိခိုင် ဟု ကိုယ့်ကိုယ်ကိုယ် မာန်မဲမိတတ်သည်။

ဒါပေမဲ့ အတွေးဆိုတာမျိုးက ထိန်းချုပ်ရ ခက်သားပင်။ ကိုအောင်ခန့်က ခိုင့်ဆီ ဘာဖြစ်လို့ရောက်လာတာလဲဟု တွေးမိတတ်ပြီး ကိုအောင်ခန့်မှာ ခိုင် သဘောကျချင်စရာတွေ ဘာကြောင့် များပြားနေရတာ လဲဟု မေးလိုက်ချင်သည်။ ပြီးတော့ ခိုင့်ဆီ နေ့တိုင်းလိုလို ဘာကြောင့် ရောက်ရောက်လာတာလဲ။ ခိုင် စိတ်ဝင်တစား အထင်တကြီးနားထောင်မယ့် စကားတွေ ဘာကြောင့်ပြောတတ်တာလဲ။

ပန်းချီကား တစ်ချပ်ကို ခိုင်မြင်တာထက် စူးစူးနစ်နစ်မြင်တတ်သည့် ကိုအောင်ခန့်အမြင်မျိုးတွေကို ခိုင် ပိုင်ဆိုင်ချင်သည်။ ကဗျာတစ်ပုဒ်အပေါ် ခိုင် သဘောထားတာထက် ပိုလေးနက်သည့် ကိုအောင်ခန့်အတွေးမျိုးကို ခိုင် အထင်ကြီးသည်။ စာအုပ်တစ်အုပ်၏ အရေးအသား၊ စကားလုံးတွေ၊ ဒဿနတွေကို ဆွဲထုတ်ရှင်းလင်း၍ ခိုင်နှင့် စကားပြောချင်သူကလည်း ကိုအောင်ခန့်တစ်ယောက်သာ ရှိလိမ့်မည်ထင်သည်။ ခိုင့်အနားမှာ ရှိသင့်သူသည် ခိုင့်အနားမှာ ယခုရှိနေသော ကိုအောင်ခန့်ပဲပေါ့။

ကိုအောင်ခန့်ကကော သူ့အနား ခိုင့်ကို ရှိစေချင်ရဲ့လား မသိပါ။

အင်းလေ... ရှိစေချင်လို့ ခိုင့်ဆီ ခဏခဏလာနေတာ ဖြစ်မှာပေါ့။ ခိုင့်ကို ပန်းချီပြပွဲသွားဖို့ ခေါ်တာတွေ၊ ခိုင်ဖတ်ဖို့ စာအုပ်တွေ ရှာဖွေပေးတာတွေ၊ ခိုင့်ကဗျာလေး တွေကို သေသေချာချာ ဖတ်ရှုဝေဖန်ပေးတာတွေဟာ ခိုင့်ကို သူ့အနားမှာ ရှိစေချင်လို့ပဲ နေမှာပေါ့။

မရေရာသောအတွေးအတွက် ခိုင် ရှက်ရွံ့ချင်သလိုလို၊ ဝမ်းနည်းချင်သလိုလို ဖြစ်လာသည်။ ခိုင်က ကိုယ့်အပေါ် ဘယ်လိုသဘောထားမှန်းမသိတဲ့ ယောကျ်ား တစ်ယောက်အပေါ် ဒီအထိတွေးမိသည့်အတွက်လည်း ဒေါသထွက်၏ ။

ကိုအောင်ခန့်ပြောသလိုပင် ခိုင်က ကိုယ့်အတွေးအပေါ်တွင်ပင် မလိုအပ်စွာ မာနထားလိုက်မိတာလားတော့ မသိပါ။

၇

အဲသည်နေ့က ကောင်းကင်တိမ်မည်းတွေ ထူထပ်အုံ့မှိုင်းနေ၏ ။

ခိုင်တို့ ကျူတိုရီရယ်ဖြေနေစဉ် မိုးတစ်ပြိုက်ရွာချသည်။ ကျူတိုရီရယ် ဖြေအပြီး အခန်းပြင်အထွက်မှာတော့ မိုးရေစိုရွှဲနေသော ကိုအောင်ခန့်ကို တွေ့ရသည်။ ထုံးစံအတိုင်း မတိုင်ပင်ရဘဲ လက်ဖက်ရည်ဆိုင်ဆီ မိုးမစိုအောင် ကွေ့ဝိုက်၍ သွား ဖြစ်ကြသည်။ မိုးစိုနေသော ကိုအောင်ခန့်ဆံပင်တွေကို ခြောက်သွေ့အောင် သုတ် လိုက်စေချင်သော်လည်း ခိုင်က လက်ကိုင်ပဝါ မဆောင်တတ်သူမို့ ဘယ်လိုသုတ် ခိုင်းရမည် မသိချေ။ ကိုအောင်ခန့်က ဆံပင်တွေကို လက်ဖြင့်ခါရင်း ပြော၏ ။

'စာမေးပွဲ နီးပြီနော် ခိုင်။ စာတွေ တော်တော်ကျက်ပြီးပလား'

'ဒီလိုပါပဲ'

ခိုင်က ဝတ်ကျေတမ်းကျေ ပြောလိုက်သည်။ တကယ်တော့ ခိုင် စာမကျက်ရသေးပါ။ နောက်ဆုံးနှစ်စာမေးပွဲကို အောင်အောင်ဖြေမည်ဟုတော့ ဆုံးဖြတ်ထားပါသည်။ ခိုင် စာမကျက်သေးခြင်းက နီးမှကျက်လည်း ရပါတယ်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိတာကြောင့်လည်း ပါ၏ ။

'ခိုင် ကျောင်းပြီးရင် ဘာလုပ်မယ်လို့ စိတ်ကူးလဲ'

ခိုင် မဖြေတတ်။ လောလောဆယ် စိတ်ထဲမှာ ဘာမှမရှိသေးတာလည်း အမှန်ဖြစ်၏ ။

'ကိုအောင်ခန့်ကကော'

ဟု အမေးနှင့် တုံ့ပြန်ဖြစ်သည်။

'ကျွန်တော်ကတော့ ကျောင်းပြီးရင် ရရာအလုပ်တစ်ခု ဝင်လုပ်မှာပဲ'

ကိုအောင်ခန့်က တည်တည်ငြိမ်ငြိမ်ပြောသည်။ ခိုင်ကိုယ်တိုင်က အဲသည်လို မပြောရဲပေမယ့် အဲသည်လိုပြောရဲသော ကိုအောင်ခန့်ကို အထင်ကြီးသဘောကျရ

ပြန်သည်။ စူးစူးရဲရဲကြည့်ရင်း ပြောနေသော ကိုအောင်ခန့်မျက်လုံးတွေကို ကြည့်၍ ခိုင် ရင်တွေခုန်လာပြန်ပါပြီ။

အို… ဒါက သူကြည့်နေကျပဲ၊ ငါလည်း ဖြစ်နေကျပဲ ဟု တွေးလိုက်မိသော်လည်း ကျောင်းပြီးရင် ဝေးရတော့မှာမို့ သူ စိတ်မကောင်းဖြစ်နေမလားဟု သာသာထိုးထိုး ဆက်တွေးမိလိုက်သေးသည်။

'ကွာလီဖိုင်းဝင်အောင် ကြိုးစားပါလား။ ခိုင်က ဉာဏ်ကောင်းတာပဲ'

'ဟင့်အင်း… ခိုင် စာမကျက်ချင်တော့ဘူး'

'ဒါဖြင့် ဘာလုပ်ချင်သလဲ'

'စာရေးချင်တယ်'

'စာရေးချင်တယ် ဟုတ်လား။ ဘာစာလဲ၊ ဝတ္ထုလား'

'အင်းပေါ့။ စိတ်ထဲရှိတာတွေ ရေးမှာပေါ့။ ဝတ္ထုဖြစ်ဖြစ် ကဗျာဖြစ်ဖြစ်'

ကိုအောင်ခန့်က ခိုင်သဘောကျသောအပြုံးကို ပြုံး၏ ။ ပြီးတော့မှ စူးစူး ရဲရဲကြည့်ကာ သဘောကျတယ်ဗျာ ဟု ဆိုပြန်သည်။ ခိုင့်ရင်ကလည်း ဆတ်ဆတ် ခုန်ချင်ပြန်၏ ။ ဒါက ရင်ခုန်တာသက်သက် ဖြစ်မှာပင်။

အကယ်၍ ခိုင်က စာတွေရေးရင် ကိုအောင်ခန့်က ဘယ်လိုစာမျိုးတွေရေး ဟု လမ်းညွှန်မည်လဲ မသိပါ။ ခိုင်ရဲ့ သဒ္ဒါ၊ ဝါကျအထားအသိုတွေကိုလည်း ပြင်ဆင်ပေးနိုင်မှာပေါ့။

ဒါပေမဲ့ ကိုအောင်ခန့်က ခိုင့်အနားမှာ အမြဲရှိနေမှာတဲ့လား။ ခိုင့်ရင်ခုန်သံတွေ ပိုမြန်လာသလိုပင်။ ဆန္ဒနောက်လိုက်ကာ ခိုင် မေးလိုက်မိ၏ ။

'ကိုအောင်ခန့်က ခိုင့်ကို သဘောကျတယ် ဟုတ်လား'

ကိုအောင်ခန့်က ဆိုင်အပြင် မိုးစက်တွေဆီ ငေးကြည့်နေရာမှ ဆတ်ခနဲ ခေါင်းလှည့်ကြည့်သည်။ ပြီးတော့ မသိမသာ မျက်မှောင်ကုတ်၍ အင်းလေ ဟု ပြော၏ ။

'ဘယ်လို သဘောကျတာလဲ'

ကိုအောင်ခန့်မျက်နှာ ပြုံးယောင်သန်းသွားသည်။ အဲဒါကိုလည်း ကိုအောင် ခန့်မျက်နှာကို ရင်းနှီးလွန်းသော ခိုင်မို့သိတာ ဖြစ်လိမ့်မည်။ သူ့နှုတ်ခမ်းအနေအထားက ပြုံးမှန်းပင် မသိသာလှပါ။ တကယ်တော့ ခိုင်မေးချင်တာ တစ်မျိုးဖြစ်၏ ။ ခိုင့်ကို လူတွေက ပွင့်လင်းတယ်၊ ရဲတင်းတယ်ဟု ဆိုတတ်ကြသည်ပဲ။ ခိုင် ရဲရဲမေးရဲရမှာ ပေါ့။ ဒါပေမဲ့ ခိုင့်ရဲရင့်မှုတွေက သည်လောက်တော့ အသုံးမဝင်ဘူးထင်သည်။ ကိုအောင်ခန့်မျက်နှာက

ခိုင်မေးချင်တာ ကျွန်တော်သိပါတယ် ဟု ဆိုနေသည့် မျက်နှာမျိုးလား မသိပါ။ အဲသည်မျက်နှာမျိုးပါပဲလေ။

'ခိုင့်ကို ကျွန်တော်ပြောဖူးပါတယ်။ ခိုင့်လိုမိန်းကလေးမျိုးကို ကျွန်တော်က အထင်တကြီးနဲ့ စံပြထားပြီး လေးစားနေချင်တယ်။ ဒါပေမဲ့ အဲသည်မိန်းမမျိုးကို တော့ ကျွန်တော် မပိုင်ချင်ဘူး'

ခိုင့်ရင်ထဲမှာ တစ်စုံတစ်ခုတော့ ဖြစ်သွား၏ ။ ဝမ်းနည်းဝမ်းသာတော့ ဟုတ်မည်မထင်ပါ။ ဒါမှမဟုတ် သည်နည်းနှင်နှင်စကားမျိုး ကြားရမည်မှန်း ကြိုသိထား၍ ထုံးစံအတိုင်း ဝမ်းနည်းမှုတွေကို မာနနှင့် ထိန်းချုပ်ထားမိရက်သားမို့လား တော့ မသိပါ။ ရင်ထဲမှာ စူးသလိုနာသလိုဖြစ်သွားတာကတော့ အမှန်ပင်ဖြစ်သည်။

ခိုင်က ကျွမ်းကျင်စွာနှင့် မျက်နှာအမူအရာကို ဘယ်လိုမှ ထူးခြားမသွားအောင် ပြုပြင်ထားလိုက်သည်။ ဒါပေမဲ့ ခိုင့်ရင်တွင်းမှ ခံစားမှုများကို ကိုအောင်ခန့် သိကိုသိနေမှာဖြစ်သည်ဟု ခိုင် သိနေသည်။ သိသာသိစေ မမြင်စေနဲ့ပေါ့။

'အင်းပေါ့လေ…'

စကားကို စပြီး ဆက်ဖို့ ကိုအောင်ခန့်ဆီ မျက်လုံးအကြည့်ရောက်တော့ စူးရဲသော ကိုအောင်ခန့်မျက်လုံးတွေကြောင့် စကားမဆက်ဖြစ်တော့။ ကိုအောင်ခန့် အကြည့်တွေက စူးရဲသော်လည်း ရိုးသားတာ အမှန်ပင် ဖြစ်၏ ။

အင်းပေါ့လေ၊ သူလိုယောကျ်ားတစ်ယောက်ရဲ့ ပိုင်ဆိုင်မှုကို ခံရတာ ထက် သူ့လိုယောကျ်ားတစ်ယောက်ရဲ့ အထင်ကြီးလေးစားမှုကို ခံရတာ က ပိုဂုဏ်ယူဖို့ ကောင်းပါတယ်။

ခိုင်က တိမ်မည်းတိမ်တိုက်တွေ မကင်းစင်ချင်သေးသော ကောင်းကင်ကို မော့ကြည့်ပြီး ဆက်ပြောရမည့်စကားတွေကို အတွေးအဖြစ်နှင့်သာ နိဂုံးချုပ်လိုက်၏ ။

နောက်ဆုံးနှစ်စာမေးပွဲကြီးတွေ ဖြေပြီး ကျောင်းအပိတ်မှာတော့ ကိုအောင် ခန့်နှင့် တကယ်ပဲ အနေဝေးသွားတော့သည်။ ခိုင့်လိပ်စာကို အသေအချာရေးပေး၍ ခိုင့်ဆီ လာလည်နော် ဟု အသေအချာမှာလိုက်သော်လည်း ကိုအောင်ခန့် တစ်ခါမှ ရောက်မလာခဲ့။ ခိုင်ကိုယ်တိုင်က ထုံးစံအတိုင်း စိတ်ထင်ရာ လျှောက်သွားနေမိခဲ့ သော်လည်း ကိုအောင်ခန့်ပေးထားသော လိပ်စာဆီကို တစ်ခါမှ ခြေဦးမလှည့်ဖြစ်။ အမြဲလိုလိုတော့ သတိရနေမိပါသည်။ တစ်ယောက်တည်း လက်ဖက်ရည်ဆိုင်ထိုင်

ဖြစ်သည့်အခါမျိုး၊ ရုပ်ရှင်ကြည့်သည့်အခါမျိုး၊ စာအုပ်တစ်အုပ်ဖတ်ပြီး မရှင်းလင်း သည့်အခါမျိုး။

ကဗျာတစ်ပုဒ် ရေးလိုက်ဖြစ်သည့်အခါနှင့် ရေးမရဖြစ်သည့်အခါမျိုးတွေမှာ ပေါ့။ တစ်ခါမှ အဆုံးသတ်အောင်မရေးဖြစ်သည့် ဝတ္ထုတိုကလေးတွေကို တွေ့လျှင် လည်း သတိရတာ ပါပဲ။ ခိုင်က စာရေးချင်တယ် ဟု ဆိုတော့ သဘောကျတယ်ဗျာ ဟုပြောတာ ခဏခဏမြင်ယောင်သည်။

သူလည်း သတိတော့ ရမှာပါဟု ခိုင် တွေးမိသည်။ အဲဒါ ခိုင့်ကိုယ်ခိုင် အထင်တကြီးတွေးမိသော အတွေးလားတော့ မသိပါ။ ခိုင်က အဲသလို ကိုယ့်ကိုယ် ကိုယ် အထင်တကြီးအတွေးမျိုးလည်း တွေးမိတတ်သည်။

ဒါပေမဲ့ သူလည်း တကယ်သတိရမှာပါလေ။ ချိုပေါ့ကျလက်ဖက်ရည်ကို သူ တစ်ခါမှ မှာမသောက်ဘဲတော့ မနေပါဘူး။ ပန်းချီကားလေး တစ်ချပ်တလေ တွေ့ရင်လည်း အသည်းအသန် ငြင်းခုံခဲ့ကြတာတွေ သူ သတိရမှာပေါ့။ မြသန်းတင့်ဘာသာပြန်တဲ့ လေရူးသုန်သုန် လိုစာအုပ်မျိုး ဖတ်ပြီးရင်တော့ သူ ခိုင်နဲ့ စကားပြောချင်မှာ သေချာပါသည်။

တစ်ခါတစ်ရံတော့ စိတ်လိုလက်ရ သူ့ဆီစာရေးဖို့ စဉ်းစားမိ၏ ။

ရေးလည်း ရေးဖြစ်ပါသည်။

'ခိုင်တော့ ကျောင်းမတက်ဘဲနေရတာ သိပ်ပျင်းတာပဲ။ ဒါပေမဲ့ စာအုပ်တွေတော့ အများကြီးဖတ်ဖြစ်တယ်။ အဲဒါ အမြတ်ပေါ့။ ကဗျာအတိုအစလေးတွေလည်း ရေးဖြစ်တယ်။ ဝတ္ထုတိုလေးတွေ ရေးဖြစ်ပေမယ့် မလွယ်ဘူး။ တစ်ခါမှ အဆုံးသတ်လို့မရဘူး ဖြစ်နေတယ်။ အဲဒီ အခါမျိုးဆို ကိုအောင်ခန့်ကို သိပ်သတိရတာပဲ။ ကိုအောင်ခန့်သာဆို ဘယ်လိုအဆုံးသတ်သင့်တယ် ဆိုတာကို ပြောနိုင်မှာပဲ။ သတိရတာ ကတော့ တိုက်ဆိုင်မှုရှိတိုင်းပေါ့လေ။ လက်ဖက်ရည်ဆိုင် အဖော်မပါဘဲ တစ်ယောက်တည်း ငေါင်းစင်းစင်းထိုင်ရတဲ့အခါမျိုး၊ ပန်းချီပြပွဲရှိတဲ့ဆီ တစ်ယောက်တည်း လိုက်ကြည့်ရတဲ့အခါမျိုးတွေပေါ့။ ကိုအောင်ခန့်ကော ဘာတွေလုပ်နေလဲ။ ခိုင့်ဆီ လူဖြစ်ဖြစ်၊ စာဖြစ်ဖြစ် လာပါဦး'

အဲသည်လိုစာတွေ ရေးမိသော်လည်း တစ်ခါမှ မထည့်ဖြစ်ခဲ့။ အဆုံးမသတ် မိ၍ ရော၊ အဆုံးသတ်အောင်ရေးထားသည့် စာတွေကျပြန်တော့ အပြင်ထွက်လျှင် စာတိုက်ပုံးထဲထည့်ဖို့ မေ့ကျန်ခဲ့တာရောနှင့် သည်အတိုင်းသာ။

တစ်ခါတလေတော့ ကိုအောင်ခန့်ဆီရေးပြီး တစ်ခါမှမထည့်ဖြစ်သော စာလေးငါးစောင်ကို ကိုယ့်ဘာသာပြန်ဖတ်ပြီး တစ်ယောက်တည်း ရယ်မောမိတတ်သည်။ အဲသည်အပြုအမူကို တွေ့လျှင်လည်း ကိုအောင်ခန့်က စူးတောက်ရဲတင်းသော မျက်လုံးများနှင့်ကြည့်၍ အေးစက်စက်ပြုံးကာ သဘောကျတယ်ဗျာ ဟု ပြောဦးမည်လား မသိပါ။

၉။

ကိုအောင်ခန့်ကို အိပ်မက်မက်ပြီး ရက်အနည်းငယ်အတွင်းမှာပဲ ဖြစ်သည်။ ကိုအောင်ခန့်ကို အိမ်တံခါးဝမှာ တွေ့ရ၏ ။ အိပ်မက်ထဲကအတိုင်း အသားတွေပိုဖြူ ပြီး ကိုယ်ခန္ဓာက ပါးလျားသွယ်လျသွားသည်။ မေးရိုးကား ပါးပြင်တွေက ခပ်ချိုင့် ချိုင့်နှင့်။ စူးတောက်သော မျက်ဝန်းများနှင့်ပင်။

အဖြူရောင်ရှပ်အကျႌနှင့် ဂျင်းဘောင်း ဘီအပြာရင့်ကိုဝတ်၍ သိုးမွေးလွယ်အိတ်တစ်လုံးကို လွယ်ကာ အိမ်တံခါးမှာ တွေတွေ ကြီးရပ်နေ၏ ။

'ဟယ်... ကိုအောင်ခန့်၊ မတွေ့တာကြာပြီ။ အခု ဘယ်ကလာသလဲ။ လူကလည်း ဖြူဖျော့ဖျော့နဲ့၊ နေကောင်းရဲ့လား'

ခိုင်ကလည်း အိပ်မက်ထဲကအတိုင်းပင် အလောတကြီး ပျာယာခတ်စွာ ဆီးကြိုမေးမြန်းပါသည်။

'လာလေ ကိုအောင်ခန့်၊ အိမ်ထဲဝင်လေ'

ဟု ပြောပြီး ကိုအောင်ခန့်ကို ဖိတ်ခေါ်တော့ ကိုအောင်ခန့်လက်မောင်းကို တွဲခေါ်ဖြစ်လိုက်သည့် အိပ်မက်ကို ချက်ချင်းသတိရ၏ ။ အိပ်မက်ထဲကအတိုင်း တစ်သဝေမတိမ်းပါဘဲ။ ခိုင့်မှာ ရင်ခုန်သလိုလို ဝမ်းသာသလိုလိုနှင့် ဘာမှန်းမသိသော ခံစားမှုဖြင့် ကတုန်ကယင်ကြီး ဖြစ်နေတော့သည်။

ကိုအောင်ခန့်က ခိုင်မမြင်ရတာ ကြာပြီဖြစ်သော ပြုံးငွေ့ရိပ်ရိပ်ထင်သည့် မျက်နှာဖြင့် ဧည့်ခန်းကုလားထိုင်တွေပေါ် ဝင်ထိုင်၏ ။ ခိုင်က ဘာတွေ စပြောရမည် မသိဖြစ်ကာ ကိုအောင်ခန့်မျက်နှာကိုသာ မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ကြည့် နေမိသည်။

ခဏကြာမှ ကိုအောင်ခန့်က ပီပီပြင်ပြင်ပြုံးကာ လွယ်အိတ်ထဲမှ စာအိတ် တစ်လုံးကို နှိုက်ယူပြီး လက်ကမ်း၏ ။

ခိုင်က စိတ်ဝင်တစား လှမ်းယူလိုက်သည်။ မာခေါက်ခေါက်စာအိတ်ပေါ်မှ ခိုင်ခိုင်ကျော် ဟူသော ဝိုင်းစက်ပီသသည့် ကိုအောင်ခန့်လက်ရေးကိုမြင်တော့ ခိုင့်ရင်က

ထိတ်ခနဲခုန်၏ ။ စာအိတ်ထဲမှ ကတ်ထူစက္ကူပြားကို အလောတကြီး ထုတ်ယူလိုက် သည်။

မင်္ဂလာဆည့်ခံပွဲ ဖိတ်ကြားစာ။

မောင်အောင်ခန့်၊ မသီရိနွယ်။

ခိုင့်ရင်မှာ လှပ်ခနဲ ဟာသွားတာလား မသိပါ။ တစ်စုံတစ်ရာ ခံစားလိုက်ရ တာ အမှန်ဖြစ်၏ ။ ထုံးစံအတိုင်း ဝမ်းနည်းစရာ ဆိုလျှင်တောင် ထိန်းချုပ်ပြီးသားမို့ ဝမ်းနည်းသွားတာလား ဟုပင် မရေရာလိုက်ပါ။ နှမြောတာလား။

အင်း... နှမြောတာတော့ ဖြစ်လောက်သည်။ ခိုင့်အနားမှာ ရှိနေခဲ့သော ရှိသင့်နေသောသူက ခိုင့်အနားမှာ နောက် ဘယ်တော့မှ ရှိတော့မှာမဟုတ်သည့် အတွက် နှမြောတာမျိုး ဖြစ်မှာပေ့ါလေ။

'ကျောင်းပြီးပြီးချင်း အိမ်ထောင်ပြုလိုက်လို့ ခိုင်တော့ ကျွန်တော့်ကို အံ့သြ နေမလားပဲ။ ခိုင်နဲ့ အနေဝေးသွားတာလည်း ငါးလပဲရှိသေးတယ်လေ။ အဲသည့် လေးငါးလအတွင်း ကျွန်တော် အလုပ်နည်းနည်းများသွားလို့ ခိုင့်ဆီ လူလည်း မရောက်၊ စာလည်း မရောက်ဖြစ်ခဲ့ဘူး။ ခိုင့်ကိုတော့ စာရော လူပါ မျှော်မိပါတယ်။ အစက စာတိုက်ကပဲ ဖိတ်စာပို့မလို့။ ခိုင်က စိတ်ဆိုးမှာစိုးလို့'

'ရပါတယ် ကိုအောင်ခန့်ရယ်။ ခိုင့်ကို သတိတရဖိတ်တာကိုပဲ ဝမ်းသာ လှပါပြီ'

ခိုင်က ဖိတ်စာကတ်ကလေးကို တယုတယကိုင်ရင်း ကြည်ကြည်လင်လင် ပြုံး၍ ပြော၏ ။ ကိုအောင်ခန့်ကလည်း ကြည်ကြည်လင်လင်ပြုံးနေရင်း ပြောသည်။

'ကျွန်တော် အမျိုးသမီးတောင် ခေါ်လာဦးမလို့။ မင်္ဂလာပွဲမှာ တွေ့ရမှာပဲ လေလို့ တွေးပြီး မခေါ်ခဲ့တော့တာ'

'ခေါ်ခဲ့ရောပေ့ါ။ မင်္ဂလာပွဲမှာတွေ့တော့လည်း တွေ့တာပေ့ါ။ အခုလို ခေါ်ခဲ့ရင် အေးအေးဆေးဆေး စကားပြောရတာ ပေ့ါ။ ကဲ... ဆိုစမ်းပါဦး၊ အမျိုး

သမီးက ချောလား၊ လိမ္မာရေးခြားရှိသလား။ ကိုအောင်ခန့်ကို ကြင်နာရဲ့လား'

ခိုင်က ရွှတ်နောက်နောက်မေးတော့ ကိုအောင်ခန့်က သဘောကျသည့် ရယ်နည်းမျိုးဖြင့် အဟက်ခနဲရယ်သည်။

ကိုအောင်ခန့်ရယ်ဟန်ကိုကြည့်၍ ဟိုတုန်းက ကိုအောင်ခန့်ကို ခိုင် ပြန်မြင် ယောင်နေမိသည်။ ဆေးလိပ်ကို ဖွာရှိုက်၍ မျက်လုံးမှေးစင်းပြီး မီးခိုးငွေ့တွေ မှုတ်ထုတ်နေဟန်၊ လက်ဖက်ရည်ခွက်ကို ရွှေ့ချပြီး လက်ဖက်ရည်ဆိုင်အပြင်ဘက် တစ်နေရာရာကို စူးစိုက်ငေးမောနေဟန်၊ ပန်းချီကားတစ်ချပ်အကြောင်း၊ စာအုပ် တစ်အုပ်အကြောင်းကို စိတ်ဝင်တစား ငြင်းခုံဆွေးနွေးဟန်တွေ။

'သူက ခိုင်နဲ့မတူတာတော့ အမှန်ပဲဗျ။ လှတယ်လို့ပြောရင်တော့ ကိုယ့်ငါး ချဉ် ကိုယ်ချဉ်တယ်လို့ ခိုင်ကပြောမှာပဲ။ ဒါပေမဲ့ လူတော်တော်များများကတော့ လှတယ်လို့ ပြောကြတယ်။ ထားပါလေ။ ဒါက ခိုင် မင်္ဂလာပွဲလာရင် တွေ့ရမှာပါ။ သူက နွဲ့နွဲ့နှောင်းနှောင်းနေတတ်တယ်။ ခိုင်ပြောတဲ့ ခိုင့်အစ်မ မနိုင်လို နေရှာမှာပေါ့။ ပြီးတော့ တစ်ယောက်တည်း လမ်းမသွားရဲဘူး။ စာအုပ်တွေဘာတွေလည်း သိပ် မဖတ်ဘူး။ ကျွန်တော်ဖတ်ခိုင်းတဲ့စာအုပ် ဆိုရင်တော့ ဖတ်ပါတယ်။ ပန်းချီပြပွဲတွေ ဘာတွေ ဆိုရင်လည်း ကျွန်တော်ခေါ်ရင်တော့ လိုက်တာပဲ။ လက်ဖက်ရည်ဆိုင် ဆိုရင်တော့ ကျွန်တော် ဘယ်လိုခေါ်ခေါ် မလိုက်ဘူးဗျို့။ သူက ခိုင့်လို လက်ဖက် ရည်ဆိုင် မထိုင်ရဲဘူး။ အဲ… သူ ဈေးဝယ်ထွက်ရင်တော့ ကျွန်တော်လိုက်ရတယ်။ နှုတ်ခမ်းနီတွေ၊ မိတ်ကပ်တွေ၊ လက်သည်းနီနဲ့ အထည်စဆန်းဆန်းတွေပေါ့ဗျာ။ ခိုင်နဲ့ရင်းနှီးခဲ့တဲ့ သက်တမ်းတစ်လျှောက် ကျွန်တော်မရင်းနှီးခဲ့ဖူးတာမျိုးတွေပေါ့။ ကျွန်တော့်ကဗျာတွေကို ဖတ်မိရင်တော့ အဲဒါ ဘာအဓိပ္ပာယ်လဲလို့ ရိုးရိုးသားသား မေးတတ်တယ်။ အဲသည်လို ရိုးသားတာကတော့ ခိုင်နဲ့တူသလား မသိပါဘူး'

ကိုအောင်ခန့်က စကားကို ခဏဖြတ်ပြီး ခိုင့်မျက်နှာကိုကြည့်သည်။ ပြီးတော့ ခိုင် တစ်ခါမှ မမြင်ဖူးခဲ့သော ရှက်ပြုံးမျိုးဖြင့်…

'ကျွန်တော်က ကြွားသလိုများ ဖြစ်နေပြီလား'

ဟု ခပ်ရွံ့ရွံ့ပြော၏ ။ ခိုင်က နားလည်စွာ၊ ပြီးတော့ မောလျစွာ ပြုံးပြလိုက်ပါသည်။

'ခိုင် ဆက်ဆက်လာရမယ်နော်'

ခိုင်က သက်ပြင်းတစ်ရှိုက်ကို မသိမသာ ခိုးချမိသည်။

ခိုင်က ဘာလို့သက်ပြင်းချရတာ လဲ၊ ဝမ်းနည်းလို့လား၊ နာကြည်းလို့လား၊ နှမြောတာလား။

ဝမ်းနည်းရအောင်ကလည်း ကိုအောင်ခန့်က ခိုင့်ချစ်သူမှ မဟုတ်တာနော်။ ခိုင် သဘောကျတဲ့၊ အထင်ကြီးတဲ့၊ လေးစားတဲ့သူ။

အင်း... မသီရိနွယ် ဆိုသူကတော့ ကိုအောင်ခန့်လိုယောကျ်ားရဲ့ ဇနီးမယား ဖြစ်ရမယ့်အတွက် ကံကောင်းမှာပေ့ါ။ ဒါပေမဲ့ ခိုင်သဘောကျတဲ့၊ ခိုင့်အတွက် လို အပ်တဲ့ ကိုအောင်ခန့်အရည်အချင်းတွေက အဲသည် သီရိနွယ်ဆိုသော မိန်းကလေး အတွက်ကော အကျိုးရှိပ့ါမလား။ အင်းလေ... အကျိုးရှိ အသုံးဝင်လို့ပဲ သူတို့နှစ် ယောက် ပေါင်းဖက်နိုင်ကြတာပေ့ါ။

ခိုင်က ခေါင်းကို စိတ်ပါလက်ပါ ညိတ်ပြလိုက်သည်။

ဘာပဲဖြစ်ဖြစ် ကိုအောင်ခန့်မင်္ဂလာပွဲကို ရောက်အောင်သွားဖို့ ဆုံးဖြတ်လိုက်၏ ။ ကိုအောင်ခန့်နှုတ်ဖျားမှ 'သဘောကျတယ်ဗျာ' ဟူသည့်စကားကို နောက်ဆုံးအကြိမ် ကြားရဖို့ပဲ ဖြစ်ဖြစ်ပေ့ါလေ။

**ခက်မာ**

**အမှတ် ၁၄၊ နိုဝင်ဘာလ၊ ၁၉၉၀ ပြည့်နှစ်**

**ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။**

***

# မျဉ်းပြိုင်များ

အောက်တန်းကျစွာ ပက်စက်လွန်းသူ၏

ကျက်သရေမရှိသည့်မျက်နှာနှင့်

တစ်စက္ကန့်မျှပင် ရင်မဆိုင်ချင်တော့ပါ

တွေးခေါ်ဆင်ခြင်မှုအင်အားများ

ချို့တဲ့သွားရလောက်အောင်ပင် ယောကျ်ားတစ်ယောက်၏ လက်ညှိုးညွှန်ရာ ရေဖြစ်ချင်နေသော မိခင်ကိုလည်း

ဘာတစ်ခုမှ စိတ်မဆင်းရဲစေလိုတော့

တကယ်တော့ လူဆိုတာ

ကိုယ့်လမ်း ကိုယ်ထွင်ကြရသူတွေပါ

သည်းခြေတိုက်၏ အတွင်းဘက်ဆုံးသော အောက်ခြေတိုင်ထိ နောင်တနှင့် ယှဉ်သော အာသာဆန္ဒပြင်းပြင်းတစ်ခုကို စူးနစ်စွာ ထွင်းဖောက်မြဲမြံသွားစေခဲ့သည်။

ကြီးစွာသောသံသယနှင့် ပျစ်ခဲစေးကပ်သော အဆိုးမြင်ဝါဒတို့အား တအံ့တဩ မှင်တက်လက်ခံမှုဖြင့် အလိုအလျောက် ပယ်ရှားစေခဲ့သည်။

ကောင်းကင်နှင့် မြေမှုန်ကြားရှိ အားပြိုင်မှုတစ်ခုအား အပြုအမူတစ်ခုဖြင့် ကျမ်းကျိန်သွားမှု၏ နောက်ဆုံးအနားသတ်တွင် 'ကျေးဇူးတင်ပါတယ်' ဟူသည့် စကားတစ်ခွန်းအား နှစ်ကာသောအပြုံးများ၏ နှုတ်ခမ်းဖြင့် တစ်စုံတစ်ယောက်ကို ပေးဆပ်ဖို့ သူမထံ၌ ကျန်ရှိနေခဲ့သည်။

မိုးကုပ်စက်ဝိုင်းအောက်ခြေသို့ ငုပ်လျှိုးစပြုနေပြီဖြစ်သည့် ပုစွန်ဆီရောင် ဖျော့ဖျော့နေအသွေး လွှမ်းခြုံရစ်သိုင်းခြင်းခံထားရသော ဘူတာရုံတစ်ခု၏

ညနေခင်းမှာ သာမန်နေထိုင်လည်ပတ်မှုထဲမှ ပေါ့ပါးလွတ်လပ်နေသူများအဖို့ အင်မတန်မှ ကြည်မွေ့ နှစ်သက်ဖွယ်ရာ ကဗျာတစ်ပုဒ်၊ သီချင်းတစ်ပုဒ် ဖြစ်ချင်ဖြစ်နိုင်ပေမယ့် လောလောလတ် လတ် ငရဲခန်းအနိဋ္ဌာရုံတစ်ခုမှ ထွက်ပြေးလွတ်မြောက်လာခဲ့ရသော သူမအဖို့တော့ သွေးပျက်တုန်လှုပ်ဖွယ်ရာ နိမိတ်ဆိုးပန်းချီကားတစ်ချပ်ပင် ဖြစ်သည်။

ရထားပေါ်ကဆင်းပြီးကတည်းက ရပ်နေမိသည်မှာ မည်မျှကြာသွားပြီ မသိ။ စိမ်းညို့ညို့သစ်ပင်ရိပ်များမှာ တဖြည်းဖြည်းနှင့် ခပ်မှိုင်းမှိုင်းဖြစ်လာပြီး တစ်စစ နှင့် ပတ်ဝန်းကျင်မှာပင် မှောင်သထက်မှောင်လာပြီ။

လွန်မင်းစွာစိတ်လှုပ်ရှားမှု၏ အပီပြင်ဆုံးရုပ်လုံးအဖြစ် ငြိမ်သက်စွာရပ်နေမိ ခြင်းကို မိမိဘာသာ မိမိအသိ။

ဘာလုပ်ရမလဲ၊ ဘယ်ကိုသွားရမလဲ ဟူသည့်မေးခွန်းများဖြင့် ဦးနှောက်ထဲ မှာ ပလုံစီဆူပွက်နေသည်မှာ အတော်ကိုကြာနေခဲ့ပြီ။

နောက်ပြီး ထိုကဲ့သို့ ဆူပွက်ခြင်းများထဲ၌ ရောနှောပျော်ဝင်နေသော အရာ များမှာ မိမိကိုယ်မိမိ အပြစ်တင်ခြင်းလည်း ပါ၏ ။

ကြမ္မာဆိုးအပေါ် အပြစ်ဖွဲ့ငြူစူခြင်းလည်း ပါ၏ ။ ဘဝပေးအခြေအနေအပေါ် ဝမ်းနည်းအားငယ်စွာ အလိုမကျခြင်းလည်း ပါ၏ ။

မိခင်ရင်အုပ်ထဲမှ ဖြုန်းခနဲ အပြင်ဘက်သို့ လွတ်ထွက်သွားရသော ကြက် သားပေါက်စလေးတစ်ကောင်လိုပင် သူမမှာ ခြေတစ်လှမ်းရွေ့လိုက်တာနှင့် ကောင်းကင် ကြီးတစ်ခုလုံး ခေါင်းပေါ်ပြုတ်ကျလာတော့မလိုကို ချွေးစေးများ တသွင်သွင်စီးကျကာ ထိတ်လန့်တုန်လှုပ်နေတော့၏ ။

ဒီကနေ ဆက်သွားရင် ဘယ်ကိုရောက်သွားနိုင်မှာတဲ့လဲ။ ဒီအနီးအနားမှာ ရော သွားလိုရာကို ရောက်အောင်ပို့ပေးနိုင်မယ့် ဆိုက်ကားတစ်စီးတလေများ...။

ထင်ရာစိုင်းခဲ့သည့် ဓားတစ်ခု၏ အနည်းငယ် ပြေလျော့စချိန်တွင် စိုးရိမ်ကြောက်ရွံ့ခြင်းများ ဝင်လာစပြုပြီ။

ဒုက္ခပါပဲ။ ငါ ဘယ်ကိုဆက်သွားရတော့မှာပါလိမ့်။ အိမ်ကိုပဲ...။

အံတင်း ချက်ကို တင်းနေအောင်ကြိတ်ပြီးမှ ထိုအတွေးစကို အဆုံးမသတ်နိုင်မီ သူမဘာသာ သူမပင် ပယ်ချလိုက်၏ ။

သွားစမ်းပါ။ ဒါဆိုရင် ငါ့ရဲ့မာနတွေကို သင်းက ပြက်ရယ်ပြုတော့မှာပေါ့။ ဟင့်အင်း...၊ အဲဒီ အတိတ်စိမ်းထဲကို ဘယ်တော့မှ ပြန်မဝင်ဘူး။

အဲဒါဟာ ခုအချိန်ကစပြီး လုံးဝမရွေ့လျားတော့မယ့် သံမဏိသန္နိဋ္ဌာန်ပဲ။

မလှမ်းမကမ်းကလူတစ်ယောက်ကများ မတော်တဆ စောင့်ကြည့်နေမိရင် တော့ မီးမီး ဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ အားကိုးရာမဲ့မှုပျက်မှုကို သတိထားမိ ကြတော့မှာပါပဲ။

မဟုတ်သေးပါဘူးလေ။ မှင်နဲ့နေစမ်းပါ။ ဒီလိုမျိုးရပ်နေတာ ဒီဘူတာရုံတစ်ခု လုံးမှာ ကိုယ်တစ်ယောက်တည်းရှိတာမှ မဟုတ်တာ။

ဟိုဘက်ပလက်ဖောင်းကိုပဲကြည့်။ ကိုယ့်အရွယ်ကောင်မလေးတစ်ယောက် ရပ်နေတာပဲမို့လား။

အင်းပေါ့ မီးမီးရယ်။ စိတ်အေးမှုတွေနဲ့ ကြည်လင်နေတာရယ်၊ ပူပင်မှုတွေနဲ့ ရတက်ပွေနေတာရယ် အဲဒီ မျက်လုံးနှစ်မျိုးရဲ့ ကွာခြားမှုကိုတော့ မသိကျိုးကျွန်ပြုထား ရမှာပေါ့။

သေချာပါတယ်။ ဒါဟာ စေ့စေ့စပ်စပ်အကဲခတ်မှ အရိပ်ဖမ်းနိုင်မယ့်အရာပါ။

ခိုင်မတ်စွာ အတောင့်သားရပ်နေသော ခြေအစုံနှင့်အညီ ရင်ခွင်တစ်ခုလုံး

တဝုန်းဝုန်း ဆူညံလျက်ရှိနေခြင်းမှာတော့ မည်သို့မှ ငြင်း၍ မရသည့် အချက်ပင် ဖြစ်လေသည်။

ပခုံးထက်မှ အနည်းငယ်လျှောကျနေသောလွယ်အိတ်ကြိုးကို အသာ ပြန်မတင်ရင်း လက်ထဲမှကြွပ်ကြွပ်အိတ်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်သည်။

နဖူးပေါ် ဝဲကျနေသော ဆံစများအား ဆတ်ခနဲ ခေါင်းမော့ကာ တင်ခြင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်သည်။

သတ္တိရှိစမ်းပါကွယ်။ အစနင်းထားပြီဖြစ်တဲ့ လမ်းကြောင်းတစ်ခုအတွက် အလိုအပ်ဆုံးအရာကို အချိန်နဲ့ယှဉ်ထိုးပြီး မလွတ်တမ်း သွတ်သွင်းထားစမ်းပါ။ အဲဒါဟာ ချောမွေ့စွာပြီးမြောက်ခြင်းရဲ့အစ မဟုတ်ဘူးလို့ကော ဘယ်သူက ပြောနိုင်မှာတဲ့လဲ။

နှုတ်ခမ်းအစုံအား တင်းတင်းစေ့ကာ ခန္ဓာကိုယ်ကို ခပ်မတ်မတ်ပြင်ရပ်လိုက် သည့်အခိုက်အတန့်မှာပဲ ရန်ကုန်ဘက်မှ ရထားတစ်စီးဝင်လာသည်ကို မြင်ရသည်။

လူတွေ ရုတ်ရုတ်သဲသဲဖြစ်သွားပြီး ဆင်းသူ၊ တက်သူများဖြင့် ဘူတာလေး မှာ ဆူညံလှုပ်ရှားသွားတော့၏ ။

ဘုရားရေ...၊ ဒါဟာ... ဒါဟာ ဒီညနေအဖို့ ရန်ကုန်ဘက်မှလာတဲ့ နောက်ဆုံးရထားတဲ့။ နောက်ထပ်တစ်စီးက ည ၇ နာရီကျော်မှ လာတော့မှာတဲ့။ ဟုတ်ပါရဲ့၊ နောက်ထပ် ၁ နာရီကျော်ကျော်မှလာမယ့်ရထားကို စောင့်နေမယ့် မိန်းကလေးတစ်ယောက်ကို ယုတ္တိရှိတယ်လို့ လူတွေထင်မှာ မဟုတ်ပါဘူး။

မဟုတ်ဘူးလေ၊ လူတွေရဲ့အထင်တွေနဲ့ သက်ာမကင်းမှုတွေကို ဂရုစိုက်လွန်းလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း...။

အဆုံးစွန်သော စိတ်ပျက်မှုဖြင့် သက်မတစ်ချက်ကို

ကျိတ်ချလိုက်မိသည်။ လမ်းကြောင်းကတော့ မမှားတန်ကောင်းဘူး ထင်ပါရဲ့။ မမကပြောထားတာပဲ၊ မင်္ဂလာဒုံဘက်ကိုလာမယ့် မြို့ပတ်ရထားကို စီးလာ၊ ပုရွက်ကုန်းဘူတာမှာဆင်း၊ ပြီးတော့ ဆင်းတဲ့ပလက်ဖောင်းဘက်မှာရှိတဲ့ မြေနီလမ်းအတိုင်းလျှောက်။

နောက်ပြီးတော့…။

ငါကိုက ညံ့တာပါပဲ။ ကိုယ့်အစ်မအရင်းခေါက်ခေါက်နေတဲ့အိမ်ကို တစ်ခါလေးတောင် လာမကြည့်ထားဘူး။ သုံးမရလောက်အောင်ကို အလွန် အသုံးမကျတာ။

ချစ်သူနောက်ကို စွန့်စွန့်စားစားလိုက်သွားပြီး ဘဝသစ်ထူထောင်သွားသော သူမ၏ အစ်မအား အထင်အမြင်လွဲမှားမှုဖြင့် တစ်ဖက်သတ် ဖြတ်တောက်ထားခဲ့မိခြင်း သည်ပင်လျှင် ညံ့ဖျင်းခြင်းအစဖြစ်မည် ထင်၏ ။

ဒုတိယညံ့ဖျင်းမှုကတော့ အခြေအနေမှန်များအား မမြင်နိုင်တော့လောက် အောင်ကို ထွေပြားမှုန်ထူနေခဲ့ပြီဖြစ်သော မိခင်၏ စကားများကို နားယောင်နေခဲ့ခြင်းပင် ဖြစ်လိမ့်မည်။

ဘာတဲ့ အမေပြောတာ၊ နင့်အစ်မကိုက မိုက်တာတဲ့၊ နေပလေ့စေတဲ့။

သို့ပေမယ့်လည်း ထိုအရာများမှာ အသက် ၁၀ နှစ်ကျော်ရုံသာရှိသေးစဉ် အစ်မအား ကိုယ်ချင်းမစာနိုင်သေးသည့်အချိန်များက သူမ၏ သဘောထားများပင်ဖြစ်ပြီး ထိုအချိန်ကနှင့် ခြားနားနေသော လက်ရှိသဘောထားမှာတော့ မိုက်မဲမှုဟု အမေပြောခဲ့ သည့် အစ်မ၏ လိမ္မာမှုအား မြင်တွေ့နေရခြင်းပင် ဖြစ်လေသည်။

'နင် အရွယ်မရောက်သေးလို့ပါ ညီမလေးရာ'

ဟူသည့်စကားစုမှာ မမက အိမ်ကိုလာတိုင်း သူမက မမကို(အမေဆက်ဆံ သည့်အတိုင်း) မတူမတန်သလို၊ စိတ်ပျက်ရှုတ်ချသလို ဆက်ဆံတိုင်း ဖျော့တော့ ညှိုးငယ်စွာဖြင့် မမ ပြောတတ်သောစကားစုပင်ဖြစ်၏ ။

နောက်ပြီး အဲဒီ အချိန်တုန်းက သူမ နားမလည်နိုင်ခဲ့သော(ယခုတော့ နားလည်နေပြီဖြစ်သော) နောက်ထပ် စကားတစ်ခွန်းကတော့…

'နင်သာ ယောကျာ်းလေး ဖြစ်ရင် ဘယ်လောက်ကောင်းလိုက်မလဲ' တဲ့။

လူကဲခတ်မှုနှင့် ဝေမျှခံစားပေးနိုင်မှု၌ (အဲဒီ အချိန်တုန်းက) လွန်စွာညံ့ဖျင်း ခဲ့သော သူမမှာ မမကို နားလည်နိုင်ဖို့လည်း မကြိုးစားနိုင်ခဲ့။ မမ ပြောဆိုသော စကားများ၏ အဓိပ္ပာယ်ကို သိရှိအောင်လည်း အားမထုတ်နိုင်ခဲ့။ ဘုရားစူးရပါစေ့၊ မမတို့အိမ်သို့ သူမ တစ်ခါမှ မရောက်ဖူးပါ။

မမက ဘယ်လိုပင်ချော့ခေါ်ခေါ်၊ ခြောက်ခေါ်ခေါ်၊ မျက်ရည်ခံထိုးခေါ်ခေါ် မပြောင်းလဲသောပုံသေနည်းဖြင့် အကြောင်းတစ်စုံတစ်ရာပြကာ ငြင်းဆိုခေါင်းခါခဲ့သည်ချည်း။

ထိုအချိန်မျိုးမှာတော့ မမတစ်ယောက် မျက်ရည်ဝဲခဲ့သည်။ မျက်နှာညှိုးခဲ့သည်။ သက်ပြင်းချခဲ့သည်။

ဒါပေမဲ့လည်း ခုချိန်မှာတော့ အဲဒီ အချိန်တုန်းက အဓိပ္ပာယ်မသိခဲ့သော မျက်ဝန်းများ၏ အဖြေကို ရှင်းလင်းစွာ ဖွင့်ဆိုဖော်ကျူးနိုင်ခဲ့ပြီ မဟုတ်လား။ အေးပေ့၊ အဲဒီ လို အဓိပ္ပာယ်ဖွင့်ဆိုနိုင်လောက်အောင်လည်း…။

ထားပါလေ၊ ဒီ ရင်နာစရာအကြောင်းတွေကို။ ခုလောလောဆယ် အရေးကြီးနေသည့်တစ်ခုကတော့ မမထံသို့ မဖြစ်ဖြစ်သောနည်းနှင့် ရောက်အောင်သွားဖို့ပဲ မဟုတ်လား။ မမနဲ့ အမြန်ဆုံးတွေ့ဖို့ပဲ မဟုတ်လား။ ဖြစ်ပျက်ခဲ့သမျှတွေကို မမဆီမှာ အမြန်ဆုံး ရင်ဖွင့်တိုင်တည်ဖို့ပဲ မဟုတ်လား။ ဖြစ်ချင်ရာဖြစ် တွေ့တဲ့လမ်းအတိုင်းပဲ စွတ်ဝင်သွားလိုက်မှ ထင်ပါရဲ့။ မဟုတ်သေးပါဘူးလေ။ တော်ကြာ မမတို့အိမ်တည်

ရှိရာနှင့် ဆန့်ကျင်ဘက်အရပ်တွေဆီကိုများ ဝေးသွားလျှင်...။ မီးမီးလို့ခေါ်တဲ့ ကောင်မလေးတစ်ယောက်ဟာ အပျိုဖြန်းလေးတစ်ယောက် မဟုတ်လား။ အပျိုစင်ဆိုတဲ့ အဲဒီ ဂုဏ်ပုဒ်ကလေးကိုပဲ မီးမီး သိပ်ကို မြင့်မြင့်မြတ်မြတ်တန်ဖိုးထားခဲ့သည်ပဲ။ နောက်ပြီး အဲဒီ သန့်စင်ပျိုမျစ်လွန်းသည့် ပွင့်အာစပန်းတစ်ပွင့်၏ နုနယ်မှုမျိုးကို ပိုင်ဆိုင်ထားသူဟာ စားစားသွားသွား၊ အိပ်အိပ်နေနေ အများတကာတွေထက်ကို အန္တရာယ် ပိုမိုရှိနေတတ်တာပဲ။ ဟုတ်ပါရဲ့၊ တွေးတွေးဆဆ ဆင်ခြင်မှုပါပဲကွယ်။ တော်ကြာ ဒီလောက်အရဲစွန့်လာခဲ့ပြီးမှ ဆင်ပြောင်ကြီး အမြီးကျမှ တစ်နေမှဖြင့်။ စိတ်လှုပ်ရှားစွာ အတွေးပေါင်းစုံ ယောက်ယက်ခတ်ရင်း လွယ်အိတ်ကြိုးစကို တင်းတင်းဆုပ်ကိုင်ကာ ကြွပ်ကြွပ်အိတ်ကို ရင်ခွင်ထဲတွင်ပိုက်ထားရင်းမှ ပတ်ဝန်းကျင် အနီးအနားကို မဝံ့မရဲ မျက်လုံးကစားလိုက်သည်။

'မြတ်စွာဘုရား'

သူမ၏ ရင်ခွင်မှာ ကြောက်ရွံ့စိုးထိတ်စိတ်များဖြင့် ကျယ်လောင်စွာ တုန်ခတ် မြည်ဟည်းသွားရခြင်း၏ အကြောင်းရင်းမှာ ညာဘက်မျက်လုံးထောင့်တွင် မြင်လိုက်ရ သော တစ်စုံတစ်ယောက်ကြောင့် ဖြစ်၏ ။

ဒေါက်ထောက်ကာရပ်ထားသော စက်ဘီးတစ်စီးဘေးတွင် ရပ်နေသော (သူမကို အကဲခတ်နေဟန်ရှိသော) ယောကျ်ားသားတစ်ဦးပင် ဖြစ်လေသည်။

ထိုသူမှာ တစ်စုံတစ်ယောက်အား လာရောက်စောင့်ဆိုင်းနေသူလား။

ဒါမှမဟုတ် သူမကိုပဲ သက်သက်ရပ်ကြည့် စူးစမ်းနေခြင်းလား။

သိပ်မသေချာပေမယ့် လောလောလတ်လတ်
ယောကျ်ားမုန်းတီးမှုဓာတ်ခံ ရှိနေသော သူမကိုတော့ အကြီးအကျယ်
ထိတ်လန့်တုန်လှုပ်သွားစေခဲ့သည်။

ဟင်း... ဒါပဲ။

သင်းတို့ယောကျ်ားတွေ မိန်းကလေးတစ်ယောက်မြင်ရင် တစ်ချက်ကလေး ပဲဖြစ်ဖြစ် ကြည့်လိုက်ရမှ။

မျက်စိလေးပဲဖြစ်ဖြစ် မှိတ်ပြပြီး အသားယူလိုက်ရမှ။

ကြည့်နေ။

ယီးတီးယားတားလာလုပ်ကြည့် လွယ်အိတ်ထဲမှာပါတဲ့ ကွန်ပါဘူးထဲက ထောက်စူးနဲ့ကို ထိုးပစ်လိုက်မယ်။

နှုတ်ခမ်းကို မသိမသာကိုက်၍ တံတွေးတစ်ချက်ကိုမျိုကာ အားတင်း၍ လှည့်ကြည့်လိုက်သောအခါတွင်လည်း သူမအား ခပ်ရဲရဲကြည့်ရှုနေခြင်းကို တွေ့ရပြန်၏ ။

သေလိုက်စမ်းပါတော့။

သူမှာ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ပင်အားပေးနေအားပေးနေ ဒေသစိမ်း၏ အဖော်မဲ့မှု၌ ကျောထဲမှ စိမ့်မတတ်ပင် ကြောက်ရွံ့ထိတ်လန့်လျက် ရှိနေလေသည်။

ငါ့ရဲ့ပုံစံဟာ ဘယ်လိုပုံစံမျိုး ဖြစ်နေလို့ပါလိမ့်။

သူဟာ ငါ့ကို ဘယ်လိုညီမျှခြင်းမျိုးချပြီး ကြည့်နေတာပါလိမ့်။

ဘာကိုကြည့်တဲ့အကြည့်မျိုးနဲ့ ကြည့်နေတာပါလိမ့်။

အဲဒီ အကြည့်ထဲမှာ ဘယ်လိုအဓိပ္ပာယ်မျိုးတွေ ပါနေပါလိမ့်။

ယိုင်နဲ့ပန်းလျစွာ စဉ်းစားရင်းနှင့်မှ သူမက ကိုယ့်ကိုယ်ကိုယ် ငုံကြည့်လိုက် မိသည်။

မျက်နှာပြင်မှာ ဘာအခြယ်အသတစ်ခုမှမပါတဲ့၊ ပခုံးမထောက်တထောက် ဆံပင်ကို စုစည်းထားတဲ့၊ အဝတ်အစား ခပ်နွမ်းနွမ်းနဲ့

လွတ်အိတ်တစ်အိတ်လွယ်ပြီး ကြွပ်ကြွပ်အိတ်တစ်လုံးကို ဆွဲထားတဲ့ မိန်းမငယ်တစ်ယောက်ပါပဲ။

လွယ်အိတ်ထဲမှာတော့ ကျောင်းစာအုပ်တွေရယ်၊ ဒိုင်ယာရီတစ်အုပ်ရယ်၊ မှတ်တမ်းတစ်အုပ်ရယ်၊ နောက် မျက်နှာသုတ်ပဝါ သေးသေးလေးတစ်ထည်ရယ် ပါသည်။

ကြွပ်ကြွပ်အိတ်ထဲမှာတော့ အဝတ်အစားတွေပေါ့။

လူ ထသတ်ချင်လောက်အောင် မွှန်ထူသွေးဆူနေသော စိတ်ထားဖြင့်...။

(တွေ့ရာအဝတ်အစားအားလုံး သိမ်းကျုံးထည့်ခဲ့တာကြောင့်)

ပြာဝေနေသောမျက်ဝန်းများဖြင့် တွေ့ရာအိတ်ဖြင့် တွေ့ရာအဝတ်အစား အားလုံးကို သိမ်းကျုံးထည့်ခဲ့တာကြောင့် ကြွပ်ကြွပ်အိတ်က ဖောင်းကားလို့နေသည်။

တစ်သက်လုံးမပြန်တော့ ဟူသော ဆုံးဖြတ်ချက်ကို အခိုင်အမာချလျက် ထိုရပ်ဝန်းနှင့်ဝေးလျှင် ပြီးရော ဟု အလျင်အမြန်ဆုံးအရှိန်ဖြင့် ထွက်လာခဲ့တာမို့ ကပိုကရိုဖြစ်နေမလား။

သင့်တော်မလား။

မသင့်တော်ဘူးလား။

ဘယ်မှာ စဉ်းစားနေနိုင်တော့မှာလဲ။

ဟုတ်ပါတယ်။

မီးမီးဟာ အိမ်ပြေးမလေးပါ။

အဲဒါကို ဝန်ခံပါတယ်။

ဒါပေမဲ့ ယောကျ်ားလိုချင်လို့၊ လေလွင့်ချင်လို့ပြေးတာ မဟုတ်ရပါဘူး။

အန္တရာယ်စက်ဝိုင်းတစ်ခုထဲက ထွက်ပြေးလာခဲ့ရတာ ပါ။

မပြေးမဖြစ်တော့လောက်အောင်၊ ဒီနည်းမှတစ်ပါး အခြားနည်း မရှိတော့ လောက်အောင် အခက်အခဲကြီးကြီးမားမားနဲ့ ထိပ်တိုက်ရင်ဆိုင်တိုးခဲ့ရလို့ ကိုယ့်ကိုယ် ကိုယ် ကာကွယ်ခဲ့ရတာ ပါ။

အဲဒါကို အဓိပ္ပာယ်ကျယ်ဝန်းတဲ့ မျက်လုံးတွေနဲ့ မကြည့်ကြပါနဲ့။

အပျိုမလေး၏ မျက်ဝန်းမှာ မျက်ရည်တို့ဖြင့် စိမ့်အိုင်ရစ်ဝိုင်းလာလေသည်။

ရင်တွင်း ဆို့နစ်နာကျင်မှုကြောင့် အံကို ခပ်တင်းတင်းကြိတ်ထားလိုက် မိ၏ ။

ဟုတ်တယ်၊ ဒီအတိုင်းရပ်နေလို့ကတော့ တင်းထားသမျှအားအင်တွေ စိမ့်ယိုပေါက်ထွက်ကုန်ရုံပဲ ရှိမှာပဲ။

တစ်ခုခုတော့ စတင်လှုပ်ရှားရတော့မှာပါပဲ။

ပါးစပ်ပါ ရွာရောက်တဲ့။ တစ်ယောက်ယောက်ကို မေးပြီးသွားမှပဲ။

ပတ်ဝန်းကျင်မှာလည်း ညီအစ်ကိုမသိတသိအချိန်ထက်ပင် အနည်းငယ် ကျော်လွန်စပြုပြီ။

ထုံကျဉ်နေသော ခြေထောက်နှစ်ချောင်းကို အနည်းငယ်ရွှေ့ရပ်လိုက်ရင်း မျက်ဝန်းထဲမှမျက်ရည်များကို ပုတ်ခတ်ထုတ်ပစ်ရင်း (ခုနကလူဘက်ကို မကြည့်မိ အောင် ကြိုးစားရင်း) ဟိုဟိုဒီဒီ မျက်လုံးကစားလိုက်သောအခါ ပထမဆုံး မျက်လုံးထဲ မှာဝင်လာသောအရာမှာ သူမရှေ့မှ ခပ်သုတ်သုတ်ဖြတ်လျှောက်သွားသည့် အဒေါ်ကြီး တစ်ယောက်ပင်ဖြစ်၏ ။

'ဒေါ်ကြီး... ဒေါ်ကြီး'

အမောတကော ခပ်လောလောခေါ်လိုက်သော သူမလေသံအဆုံးတွင် ထိုအဒေါ်ကြီးက ဆတ်ခနဲလှည့်ကြည့်သည်။ အပြည့်အဝ နှစ်မြို့ပုံမရသော မျက်ဝန်း

များကြောင့် သူမမှာ အနည်းငယ် တွန့်သွားသော်လည်း အရဲစွန့်လိုက်၏ ။

'ဟို ကြံခင်းစုကို ဘယ်လိုသွားရလဲလို့ပါ'

'ကြံခင်းစု ဘယ်လမ်းလဲ'

'ဟို... အဲ၊ ကျွန်မ လမ်းမသိဘူး။ သူပြောတာကတော့ မြတောင်ညို ဘုရား...'

'အို... လမ်းမသိရင် ဘယ်လိုလုပ် သွားလို့ရမလဲ။ ကြံခင်းစုက အကျယ်ကြီး။ ဟောဟိုကမြင်ရတဲ့ လမ်းနီနီအတိုင်းကုန်းတက်က တက်သွားရင် ကြံခင်းစု ရောက်တယ်'

စိတ်မရှည်ပုံဖြင့် ခပ်ဆောင့်ဆောင့်ပြောပြီး ချာခနဲလှည့်ထွက်သွားသော အဒေါ်ကြီး၏ ကျောပြင်အား ပါးစပ်အဟောင်းသားဖြင့် ငေးမောကျန်ရစ်ခဲ့ရသည်။

ကိုယ့်ဘက်ကမှ မပိုင်ဘဲလေ။ သူမ ဘာတတ်နိုင်မှာတဲ့လဲ။ ဝမ်းနည်းစွာ အားပျက်သွားရင်းမှ တံတွေးတစ်ချက်ကို မျိုလိုက်မိပြန်သည်။ မမကပြောထားတယ် မြတောင်ဘုရားရှေ့နားမှာရှိတဲ့ ပထမဆုံးလမ်းတဲ့။ နောက်ပြီး ဟိုအဒေါ်ကြီးပြောသွား တာကလည်း ဟောဟိုက လမ်းနီနီတဲ့။

သွားမယ်ကွာ။ ဒီတစ်ယောက်မေးလို့ မရရင် နောက်တစ်ယောက် ထပ်မေး မယ်။ အဲဒီ လို နောက်တစ်ယောက်တွေ များလာရင် လမ်းစတွေများလာပြီး မမတို့ အိမ်ကို ရောက်သွားရမှာပေါ့။

တုန်ယင်ကာ တွန့်ဆုတ်နေချင်သော ခြေလှမ်းများအား သူမ စတင်ရွေ့ လိုက်ပြီဖြစ်လေသည်။ လွယ်အိတ်ကြိုးကို တင်းတင်းဆုပ်လျက် ကြွပ်ကြွပ်အိတ်ကို ရင်ခွင်ထဲတွင် ပွေ့ဖက်ထားလျက် တစ်လှမ်း နှစ်လမ်း သုံးလေးလှမ်း...။

'ဒီမှာ ကလေးမ'

သမ္ဗုဒ္ဓေ...။ ဆတ်ခနဲထောင်ထလာသော ဆံစများနှင့်အတူ

ယောင်ယမ်း၍ မအော်မိစေရန်ပင် မနည်းထိန်းထားလိုက်ရသည်။

ကြည့်စမ်း၊ သင်းက လိုက်လာတယ်ပေါ့။ လူကို အထင်သေးတယ်ပေါ့။ ကြည့်နေပါ တစ်ခုခုလုပ်ရှားကြည့်ပါ၊ မီးမီးအကြောင်း သိသွားရမှာ။

နဖူးထက်မှဆံပင်များ ဝဲခနဲခါသွားသည်အထိ ခေါင်းကိုမော့၍ ခြေလှမ်းနှုန်းကို မြှင့်တင်လိုက်သည်။ ဒါကိုပင် သူက မကြားဘူးထင်နေလား မသိ။ စက်ဘီးကို သူမ ခြေလှမ်းနှုန်းနှင့်အညီ အမြန်တွန်းလာကာ ထပ်ခေါ်ပြန်၏ ။

'ဟိတ် ဒီမှာ ကလေးမ'

လာမယ့်ဘေး ပြေးတွေ့ဖို့ သူမ ရင်ဆိုင်လိုက်သည်။ မျက်နှာကို အတင်းမာဆုံး ခက်ထန်ထားလိုက်ပြီး လှည့်ကြည့်လိုက်၏ ။

သို့သော်...။

သူမအား တွေခနဲ ငြိမ်သက်သွားသော မျက်ဝန်းများဖြင့် အနည်းငယ်အံ့သြသွားစေသော မြင်ကွင်းမှာ ထင်ထားသည်နှင့် ကွာဟနေသောအခြေအနေကြောင့် ဖြစ်၏ ။ အသက် ၃၀ အရွယ် လူရွယ်တစ်ဦးဟု ထင်ခဲ့သူမှာ ယခု သေသေချာချာ အနီးကပ်မြင်ရတော့မှ လူရွယ်မဟုတ်သည့် ဦးလေးကြီးတစ်ယောက်ပေပဲ။

အသက် ၄၅ နှင့် ၅၀ ကြားလောက်ရှိမည်ဟု ခန့်မှန်းမိ၏ ။ နောက်ပြီး သူမကပဲ ထင်တာလားမသိ၊ သူ့မျက်ဝန်းများမှာ မရိုးသားမှုများ၊ စူးရဲမှုများ ပါဝင်မနေ ပါ။ မ ချီထားသော ပင့်သက်အား မချမိသေးသော်လည်း သူမ အနည်းငယ် စိတ် အေးသလိုရှိသွား၏ ။

'ဒီမှာ မင်း ဘယ်ကိုသွားမှာလဲ။ တော်တော်တောင်မှောင်လာပြီ။ မင်းတစ် ယောက်တည်း သိပ်မသင့်တော်ဘူးကွယ့်'

မဟုတ်ဘူး၊ အဲဒါ စေတနာစကားလား။ နီးကပ်စွာစိုက်ကြည့်နေသော

မျက်ဝန်းများမှာ သမီးတစ်ယောက်အပေါ်ထားရှိသည့် ဖခင်တစ်ယောက်၏ စိုးရိမ်စွာ နူးညံ့မှုမျိုးဖြင့် ဆင်ဆင်တူနေလား။ မဟုတ်ဘူး၊ မဟုတ်ဘူး။ လျှော့တွက်လို့ မဖြစ်ဘူး။ ဒီအရွယ်တွေလည်း ယုံရတာ မဟုတ်ဘူး။

'ကြံခင်းစု'

ဖခင်တစ်ယောက်အရွယ် ဖြစ်နေတာမို့ မဖြေဘဲနေလိုက်ရမှာကိုလည်း ရိုင်းပျသွားမလားဟု အားနာ၊ တစ်ဖက်ကလည်း မယုံသင်္ကာသံသယများ ပြည့်သိပ်နေ ရင်းမှ ပဋိပက္ခလွန်ဆွဲသော အတွေးများဖြင့် ဖြေလိုက်သော သူမ၏ လေသံမှာ ခပ် ထောင့်တောင့်တောင့်ကာ ထွက်သွား၏ ။

'အေးလေ ကြံခင်းစုဆိုတာကတော့ ခုနကမေးနေကတည်းက ဦးကြားပါတယ်။ ဦးမေးတာက ဘယ်နေရာလဲ။ ကြံခင်းစုရဲ့ ဘယ်နေရာလဲ'

စပ်စုရန်ကော ဟူသောအကြည့် နောက်တစ်ကြိမ် ထပ်မံလှည့်လိုက်ပြန်၏ ။ ထိုအခါတွင်လည်း ရင်အေးဖွယ်ရာမျက်ဝန်းများကိုသာ မြင်လိုက်ရပြန်သည်။

သေချာပါသည်။

ထိုလူကြီး၏ အကြည့်များ၌ သူမတစ်ကိုယ်လုံးအား ကြက်သီးမွေးညင်းထ စေမည့် တောက်ပမှုများ မပါဝင်ပါ။ အို... ဒါပေမဲ့လည်း မယုံလိုက်ပါနှင့်ဦး။ တော်ကြာ အယုံသွင်းနေတာဆိုလျှင်...။

'အို... ရပါတယ်။ ဟောဟိုရှေ့ကဟာ ဆိုက်ကားဂိတ်မို့လား။ ကျွန်မ ဆိုက်ကားစီးသွားမယ်'

'အဲဒါကြောင့် ဦးပြောတာပေါ့။ ကြံခင်းစုကို ဒီအချိန် ဘယ်ဆိုက်ကားမှ လိုက်မှာမဟုတ်ဘူး။ ပြီးတော့ မင်းက နေရာလည်း မသိဘူး'

'သိတော့သိပါတယ်။ ကျွန်မအစ်မပြောထားတာ မြတောင်ညို့ဘုရားရဲ့

ရေ့တည့်တည့်ကလမ်း၊ လမ်းထိပ်ကနေ စရေရင် ဘယ်ဘက်ခြမ်း ၃ အိမ်ကျော်တဲ့'

ဤမျှအထိပျော့ညံ့သွားသော လေသံအား သူမကိုယ်သူမပင် အံ့ဩမဆုံး ရှိလေသည်။

ငါ့နှယ်... ရှည်ရှည်ဝေးဝေးတောင် ရှင်းပြနေလိုက်သေး။ သို့သော် ထိုလူကြီး ထံမှ တအံ့တဩရေရွတ်သံကို ကြားရသောအခါတွင်လည်း သူမမှာ လွန်မင်းစွာ စိတ်ညစ်ညူးသွားရပြန်၏ ။

'ဟာ... နည်းနည်းနောနောအဝေး မဟုတ်ပါလား။ ကျိန်းသေတယ်၊ မင်းသွားတဲ့နေရာကို ဘယ်ဆိုက်ကားမှ လိုက်မှာမဟုတ်ဘူး။ မယုံ သွားမေးကြည့်'

အို... သူပြောတိုင်း ယုံရမှာလား။ သူမမှာ အဆုံးစွန် စိတ်ဆင်းရဲသွား မိသော်လည်း ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်ပြန်၏ ။

သူမနှင့် ထိုလူကြီးမှာ လမ်းလျှောက်ရင်း စကားပြောလာခြင်းဖြစ်သော ကြောင့် ဆိုက်ကားဂိတ်ဘေးသို့ပင် ရောက်လာပြီဖြစ်၏ ။

'လိုက်လိုက် မလိုက်လိုက်လေ မေးတော့ကြည့်ရဦးမှာပဲ'

နေစမ်းပါဦး၊ ထိုလူကြီးအား အရေးတယူ လက်ခံစကားပြောနေမိတာ၊ အားနာသလိုဖြစ်နေမိတာ ဘာကြောင့်ပါလိမ့်။ တကယ်ဆို ဘာမှတောင် ပြန်ပြော မနေဘဲ ခပ်တည်တည်နေလိုက်ဖို့ မကောင်းဘူးလား။ မိမိကိုယ်မိမိပင် နားမလည် နိုင်သော ဒွိဟအတွေးများဖြင့် မျက်ခုံးနှစ်ခုကို အတွန့်ချိုးလိုက်မိပြီး အတော်အတန်

မှောင်ရီနေပြီဖြစ်သော ဆိုက်ကားဂိတ်အတွင်းသို့ အားစိုက်၍ လှမ်းကြည့်ကာ ခေါ်လိုက်၏ ။

'ဆိုက်ကား'

'ဘယ်သွားမှာလဲ'

'ကြံခင်းစုထဲကို'

'ကြံခင်းစုထိပ်တင်လား။ ဘယ်နားလဲ'

'ဟို... မြတောင်ညိုဘုရား...'

'ဟာ... ဝေးတယ်။ လမ်းလည်းဆိုးတယ်။ မှောင်လည်းမှောင်နေပြီ။ ကုန်းတက်တွေချည်းပဲ။ သွားလို့ရမှာ မဟုတ်ဘူး'

သမ္ဘုဒ္ဓေ...။

'မဟုတ်ဘူးလေ၊ ဦးလေးမလိုက်နိုင်လို့လား။ ဒါဆိုရင် နောက်တစ်ယောက်'

ဝမ်းနည်းလှိုက်လှဲမှုများ တအိအိပြည့်သိပ်လာရင်းမှ သူမ ထပ်မံကြိုးစားလိုက်သည်။

ဆိုက်ကားဂိတ်ထဲသို့ မျှော်ကြည့်၍ ခပ်ပျော့ပျော့ပြောသောအခါ ဆိုက်ကား ဆရာကြီးက ဆိုက်ကားဂိတ်ထဲသို့လှည့်ကာ အော်မေး၏။

'ဟေ့... မြတောင်ညိုတဲ့၊ ဘယ်သူလိုက်မလဲဟေ့'

တထိတ်ထိတ်တုန်ယင်သော ရင်ခွင်ဖြင့် စောင့်စားနေမိသော်လည်း အတန် ကြာသည်အထိ ဂိတ်ထဲမှ မည်သည့်ဆိုက်ကားတစ်စီးမျှ ထွက်လာသည်ကို မတွေ့ ရပါ။

'ကဲ... ကောင်မလေး၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားပေတော့။ မင်းပြောတဲ့ နေရာက ဆိုက်ကားသွားလို့ မရအောင်ကို ကုန်းတက်ကုန်းဆင်းတွေ များတယ်။ ဘယ်လိုမှကို မဖြစ်နိုင်ဘူး'

'ဒီမှာ ကျွန်မ ပိုက်ဆံနှစ်ဆ...'

ချာခနဲလှည့်ဝင်သွားသော ဆိုက်ကားဆရာ၏ နောက်တွင် သူမအသံက အရာမရောက်စွာ ချည့်နဲ့ကျန်ခဲ့၏။

သွားပြီ။ ပတ်ဝန်းကျင်မှာလည်း အမှောင်ထုက တဖြည်းဖြည်း နက်နဲလာပြီ။

ဘာလုပ်ရပါ့မလဲ။ တလှိုက်လှိုက်လောင်မြိုက်လာသော ရင်ခွင်ကို မနိုင်မနင်း သယ်မကာ သူမ ခပ်တောင့်တောင့်ရပ်နေမိ၏ ။

'ကဲ… ဦး မပြောဘူးလား ကလေးမရဲ့'

ဟင်… ဟိုလူကြီးက မသွားသေးပါလား။ သူမကို စောင့်ကြည့်နေဆဲပါလား။ မထင်မှတ်စွာ အနောက်ဘက်မှကြားလိုက်ရသော ထိုအသံကြောင့် သူမမှာ ဆတ်ခနဲ တုန်ယင်သွားပြီးမှ အံ့ဩသွားမိလေသည်။

'ဟုတ်တယ်၊ ကျွန်မ ဆိုက်ကားစီးရင် ရမယ်ထင်နေတာ'

တွေဝေငူငိုင်သွားသော ကောင်မလေးက ဖျော့တော့စွာ ညည်းညူလိုက်၏ ။

'ဒီမှာ၊ မင်းရဲ့အခက်အခဲကို ဦးက ကူညီရင် မင်း လက်ခံမလား'

'ရှင်'

'ဦးက ဦးမိန်းမကို လာကြိုတာ။ ခုနကရထားနဲ့ သူ ပါမလာဘူး။ ၇ နာရီကျော်ကျော်ဝင်မယ့် ရထားနဲ့မှ ပါတော့မယ်။ ခုနေ မင်းကို ဦးလိုက်ပို့ပေးလိုက်မယ်'

'သိလားဟင်၊ အဲဒီ နေရာကို သိလို့လား'

'သိတာပေါ့။ ဦးက ကြံခင်းစုထဲကပဲ။ သုခလမ်းမှာနေတယ်'

သူမ၏ ဦးနှောက်ကွန်ပျူတာထဲမှာ အချက်ပြမီးနီများဖြင့် ရှုပ်ယှက်ခတ်စွာ ဆူညံလှုပ်ရှားသွားတော့သည်။

ဘာလုပ်မလဲ။ မှောင်သထက်မှောင်လာသော၊ လူသူကျဲပါးသထက်

ကျဲပါး လာသော ပတ်ဝန်းကျင်မှာ စဉ်းစားရန် အချိန်မပေးနိုင်တော့လောက်အောင် အခွင့် အလမ်း နည်းပါးနေပြီဖြစ်၏ ။

သူမထံ၌ ငိုင်တွေနေခွင့်ပင် မရှိတော့ပါ။ အစစ်ပါပဲ။ သူမ၏ လည်တိုင်၌ တစ်ကျပ်သားတိတိရှိသော ဆွဲကြိုးတစ်ကုံး ရှိသည်။

ဘယ်ဘက်လက်သူကြွယ်၌ ငါးမူးသားရှိသော လက်စွပ်တစ်ကွင်းရှိသည်။ ပျိုမျစ်နုနယ်သော ငယ်ရုပ်ရှိသည်။

ထိုအရာများမှာ မကောင်းမှု၌ ပျော်ပါးကျက်စားတတ်သော လူရှုပ်လူပွေများ အတွက် မျက်စိကျစရာများပင် ဖြစ်မည်ထင်၏ ။

တကယ်တော့ အခုပစ္စုပ္ပန်မှာ မြင်နေရတဲ့ မျက်လုံးတွေဟာ အဲဒီ မျက်လုံး တွေထက်တော့ ယုံချင်စရာကောင်းမှာပါ။

အင်း...၊ ယုံချင်စရာကောင်းတယ်လို့ ယူဆရမှာပေါ့လေ။ ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုအား ပိုင်နိုင်စွာချလိုက်၏ ။

ထိုဆုံးဖြတ်ချက်၏ ကောင်းမွေဆိုးမွေကိုလည်း မီးစင်ကြည့်ကဖို့ ထပ်မံ၍

ယတိပြတ်တွေးထားလိုက်သည်။

'ဘာလဲ၊ မယုံလို့လား ကလေးမ။ ဦးက စေတနာသန့်သန့်နဲ့ပြောတာနော်။ မင်းသွားချင်တဲ့နေရာဟာ မိန်းမပျိုလေးတစ်ယောက် အနေနဲ့ ဘယ်လိုမှ စိတ်ချစရာ မရှိလို့ ပြောနေတာ'

'ဟုတ်တယ်၊ အမှန်အတိုင်းပြောရရင်တော့ ခုချိန်ထိ ကျွန်မ လုံးလုံးမယုံရဲ သေးဘူး။ ဒါပေမဲ့ ကျွန်မမှာ ဒီနည်းကလွဲလို့ တခြားနည်းလည်း မရှိတော့ဘူး'

ထိုလူကြီးက တစ်ချက်ပြုံးလိုက်၏ ။ နှစ်ခြိုက်သဘောကျသောအပြုံးဟု

သူမ ထင်မိလေသည်။

'ကောင်းပါတယ်။ အဲဒီ လို ပွင့်ပွင့်လင်းလင်းပြောတာကို ဦး သဘောကျပါတယ်။ ယုံပါလို့လည်း မတိုက်တွန်းလိုပါဘူး။ လမ်းဆုံးရောက်တော့မှ ဦးရဲ့ သမာဓိကို စိတ်တုံးတုံးချပေ့ါ ဟုတ်လား။ မင်းမသိလို့ပါ။ ဦးမှာလည်း မင်းအရွယ် သမီးလေးတစ်ယောက် ရှိပါတယ်'

ထိုအချိန်မှာ ရထားလမ်းနှင့် မြေနီလမ်းဆုံရာ လမ်းဆုံသို့ ရောက်လာပြီဖြစ်၏ ။ ဦးလေးကြီးက စက်ဘီးကိုရပ်လိုက်သောအခါ သူမက ကြွပ်ကြွပ်အိတ်ကို စက်ဘီးရှေ့ခြင်းထဲသို့ ထည့်လိုက်၏ ။

'ကဲ တက်'

'သွားပါ၊ ကျွန်မ ခုန်တက်တတ်ပါတယ်'

ရထားသံလမ်းများ ကန့်လန့်ဖြတ်နေရာမှ ကျော်လွန်ပြီး မြေနီလမ်းအတိုင်း နင်းသွားသော စက်ဘီးကယ်ရီယာပေါ်သို့ သူမ ခုန်တက်လိုက်သည်။

ကဲ… မီးမီးရေ၊ ပေါက်တဲ့နဖူး မထူးတော့ဘူး။ မီးစင်သာ ကြည့်ကပေတော့ဟု ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်၏ ။

'ခဏဆင်းဦးကွ'

ဦးလေးကြီး၏ အသံကြောင့် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သောအခါ တစ်ယောက်တည်းပင် အတော်အာရုံစိုက်နင်းရမည်ဖြစ်သော အတန်ငယ်မြင့်မားသည့် ကုန်းတက်တစ်ခုကို တွေ့လိုက်ရ၏ ။

သူမ ဖျတ်ခနဲ ခုန်ဆင်းလိုက်သည်။ စက်ဘီးကို ကြိုးစားပမ်းစားတွန်းကာ တက်သွားသော ဦးလေးကြီးနောက်မှ ကယ်ရီယာစွန်းကို တွန်းပေးရင်း လိုက်သွားမိ သည်။

'တက်နော်'

အပေါ်သို့ရောက်သောအခါကျတော့ အနည်းငယ်ပြေပြစ်သွားသော လမ်းမကို မြင်ရသည်။ ခုံးတံတားမှာ ဂျိုးဖြူပိုက်လုံးပေါ်မှ ဖြတ်ကျော်၍ ဆောက်ထားခြင်းဖြစ်၏ ။

ခုံးတံတားကိုဖြတ်ပြီး ရောက်ရောက်ချင်း တွေ့ရသောအရာမှာ မီးသတ်ရုံလားမသိ။ သံဆန်ခါကွက်များဖြင့် ကာရံထားသော ရုံကလေးဖြစ်ပြီး ၄င်းနောက်ခပ်စောင်းစောင်းတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို တွေ့ရသည်။

ကက်ဆက်ကို ကျယ်လောင်စွာဖွင့်ထားပြီး ဆိုင်ရှေ့နှင့် ဘေးမြက်ခင်းပြင်၌ လည်း ခုံပုလေးများနှင့် စားပွဲလေးများကို တွေ့ရ၏ ။ စက်ဘီးနောက်မှာ လိုက်စီးလာ ရင်း ပတ်ဝန်းကျင်ကို အကဲခတ်လာသောအခါ လမ်းမှာ အနည်းငယ်ပြေပြစ်သော ကုန်းတက်ဖြစ်ပြီး ခုနကလက်ဖက်ရည်ဆိုင်နှင့် မျက်စောင်းထိုးတွင် နောက်ထပ် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ထပ်တွေ့ရပြန်၏ ။

နောက်ပြီး မုန့်ဆိုင်လို၊ စတိုးဆိုင်လိုမျိုးတွေ။ ဟော... ဟိုမှာကတော့ အလှပြင်ဆိုင်တဲ့။ ဇာခန်းဆီးလေးတပ်လို့။ ထိုလမ်းမမှာ စည်စည်ကားကားနှင့် ဈေးတန်းလေးတစ်ခုလို ဖြစ်နေ၏ ။ ကြည့်နေရင်းနှင့်ပင် ဘုန်းကြီးကျောင်းတစ်ကျောင်း ရှေ့သို့ ရောက်လာသည်။

နောက် ဘောလုံးကွင်း။ ထိုနေရာမှာ ကုန်းတက်က အတော်လေးမြင့်လာပြီဖြစ်၏ ။ စက်ဘီးမှာ အနည်းငယ်နှေးသွားပြီး ဦးလေးကြီးမှာ အားစိုက်၍ နင်းနေရသဖြင့် သူမ အားနာသွားသည်။

'ကျွန်မ ဆင်းတွန်းပေးရမလားဟင်။ ရရဲ့လား'

'ရပါတယ်၊ နေနေ'

သူမ၏ လှိုင်းထန်နေသော ပူပင်သောကစိတ်များ အနည်းငယ်

အနည်ထိုင် သွားခြင်းမှာ ပျားပန်းခပ်မျှ လှုပ်ရှားစည်ကားနေသော ပတ်ဝန်းကျင်ကြောင့် ဖြစ်ရမည် ဟု သူမ တွေးလိုက်မိ၏ ။

ဟုတ်သည်လေ၊ ဒီအချိန်မှာ သူ သူမကို ဘာလုပ်၍ ရနိုင်မည်လဲ။ နည်းနည်းလှုပ်ရှားတာနှင့် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းလိုက်ရုံပေ့ါ။ ဤမျှ များပြားသော လူများစွာ၏ တစ်ယောက်တစ်ချက် နာကျင်စေရုံနှင့်တင် ထိုလူကြီး၏ ဦးခေါင်းမှာ စိစိညက်ညက်ကြေသွားနိုင်သည် မဟုတ်လား။

သန့်စင်နုနယ်သည့် မိန်းမပျိုတစ်ယောက်ကို မတော်မတရား ကြံစည်ချင်စိတ်ရှိသူများအား စက်ဆုပ်ရွံရှာသည့်၊ နှမချင်းစာနာတတ်သည့်လူများစွာ ဤလောက အတွင်းမှာ၊ ဤရပ်ကွက်အတွင်းမှာ ရှိနေနိုင်သည် မဟုတ်ပါလား။

မတော်မတရား၊ ဟုတ်ပါရဲ့။ ထိုစကားစုအား တွေးမိသောအခါ တစ်စက်ကလေးမျှ သတိစရာမကောင်းသည့် အကြံပက်စက် ဆန်ကောလောက်မှ စောက်မနက်သည့် ရွံရှာခါးသီးဖွယ် အတိတ်ဆိုးများ၏ အလုအယက်ဝင်ရောက်မှုအား (မေ့ထားသည့်ကြားမှပင် မမေ့နိုင်အောင် တေးမှတ်မှုကြီးမားနေရင်း) ခံလိုက်ရပြန်သည်။

ထိုအခါတွင်တော့ အပျိုမလေး၏ သွေးရောင်လွှမ်းသော မျက်နှာနုနုလေးမှာ ကျားရဲမလေးအသွင် ခက်ထန်မာကျောသွားတော့သည်။ အရည်လည်ကာ စိုလက်ဝိုင်း ဝန်းသည့် မျက်ဝန်းအစုံမှာ ကြီးစွာသော မခံချင်စိတ်ဒေါသအဟုန်ဖြင့် စူးရဲတောက်ပ လာတော့၏ ။ သားသမီးချင်းမှ မစာနာ၊ နှမချင်းမှ မစာနာ။

အမှန်ဆို အဲဒါတွေဟာ အစမကောင်းလို့ အနှောင်းမသေချာခဲ့တာပါ။ နောက်ပြီး ထို အစမကောင်းခြင်းတွေထဲမှာ သူမဖခင်၏ အသေစောခြင်း ပါဝင်နေမလား။ ဒါမှမဟုတ် သူမမိခင်၏ တစ်ပင်လဲမှု တစ်ပင်ထူမှုစောခြင်း ပါဝင်နေမလား။ သူမ နားမလည်ပါ။

သူမနားလည်တာကတော့ သူမ၏ မိခင်မှာ သူ့လုံခြုံမှုအတွက် သူမတို့ညီ အစ်မနှစ်ယောက်၏ ခြုံထည်ကို ဆွဲ၍ ခြုံလိုက်သည် ဆိုတာကိုပဲဖြစ်သည်။ အမေ နောက်အိမ်ထောင်ပြုလိုက်သည့်နေ့မှစ၍ သူမတို့ညီအစ်မနှစ်ယောက်၏ ဘဝမှာ လုံခြုံမှု အင်အား ဖျော့တော့ခဲ့ရသည်။

အမေ နောက်အိမ်ထောင်ပြုသည့်နှစ်မှာ သူမက ငါးတန်းဖြစ်ပြီး သူမ အစ်မက ကိုးတန်းဖြစ်သည်။ မမမှာ ဆယ်တန်းအောင်သည်နှင့် ချစ်သူနောက် လိုက်သွားသောအခါ တစ်ကိုယ်ကောင်းဆန်စွာ ကိုယ်လွတ်ရုန်းသွားသည်ဟု အထင် လွဲခဲ့သမျှ သူမ၏ ရန်သူမှာ အနီးကပ်ဆုံး အတွင်းရန်သူဖြစ်နေသည်ဟု သိရသည့်နေ့၊ အန္တရာယ်မှာ လက်တစ်ကမ်းတွင်ပင် ရှိနေသည်ဟု သိရသောနေ့မှာပင် အစ်မအပေါ် အထင်လွဲခဲ့သမျှ ပြေပျောက်နားလည်ခဲ့ရတော့သည်။

အဘယ်ကြောင့်ဆို အစ်မကဲ့သို့ပင် ဆယ်တန်းနှစ်သို့ ရောက်လာသောအခါ မီးမီးမှာ အပျိုသွေးကြွယ်လာပြီ မဟုတ်လား။ ဆန့်ကျင်ဘက်လူသားများအား ရင်ခုန် လှုပ်ရှားစေမည့် ခန္ဓာကိုယ်အလှကို ပိုင်ဆိုင်လာရပြီ မဟုတ်လား။ ခန်းဆီးလိုက်ကာ ကြားမှ၊ မျက်မှန်အောက်မှ၊ ထရံအကွယ်မှ စူးစူးရဲရဲကြည့်တတ်လာသော ပထွေး၏ အကြည့်ရိုင်းများအား မှင်တက်တွေဝေစွာ သတိထားလာပြီ မဟုတ်လား။

ဒါပေမဲ့ သတိကြီးစွာ နိုးကြားနေရင်းကပဲ အမေမရှိတဲ့ ဒီနေ့ညနေမှာတော့ အဲဒီ အကြည့်ရိုင်းတွေရဲ့အဖြေက ကွင်းကွင်းကွက်ကွက် ပေါ်လာတော့တာပဲ မဟုတ် လား။

ညနေက ထိုအချိန်မှာ ရေချိုးပြီးခါစ ရင်ရှားထဘီကို မျက်နှာသုတ်ပဝါဖြင့် ဖုံးအုပ်ကာ သူမ သနပ်ခါးလိမ်းနေချိန်ဖြစ်၏ ။

ရမ္မက်ခိုးဝေသော မျက်လုံးတောက်တောက်များ၊ အာသာငမ်းငမ်း ရိုင်းစိုင်း ကြမ်းတမ်းနေသော ခြေလက်များ၊ ဘီလူးသရဲစီးသလို သွေးကြွနေသော

အင်္ကျီအစိတ် အပိုင်းများ၊ အဆီပြန်ကာ ရှုံ့ရှာစက်ဆုပ်ဖွယ်ကောင်းသော ပြီတီတီမျက်နှာထားနှင့် ကြမ်းရှသန်မာသော လက်ဖဝါးထဲသို့ မျက်နှာသုတ်ပဝါစတစ်ဖက် ပါသွားသောအခါ ဆတ်ခနဲ နိုးကြားသောအာရုံဖြင့် သူမ ထရပ်လိုက်၏ ။

'ယုတ်မာလေခြင်း'ဟု ဦးနှောက်အသိဉာဏ်ထဲသို့ အလင်းရောင်တန်းတစ်ခု ထွင်းဖောက်သွားသည်နှင့် မှန်တင်ခုံမှ ရှိသမျှသနပ်ခါးတုံးများ၊ ဘီးများ၊ တိုလီမုတ်စ များဖြင့် ပစ်ပေါက်ခုခံပစ်တော့သည်။

လွှန်စွာမှ ဘုရားမကာ ကံကောင်းသွားသော အချက်တစ်ခုမှာ သနပ်ခါးတုံး တစ်တုံးက သူ့ခေါင်းတည့်တည့်ကို ထိသွားခြင်းပင်ဖြစ်၏ ။

မူးဝေသွားကာ နားထင်ကိုလက်ဖြင့်ထောက်၍ ယိုင်ထိုးနေစဉ်မှာပဲ အခန်း အပြင်ဘက်သို့ ပြေးထွက်ခြင်းအားဖြင့် ရေတိမ်နစ်ခြင်းမှ သီသီလေး လွတ်မြောက် ခဲ့ရသည်။

အိမ်ရှေ့ဧည့်ခန်းထောင့်တွင် တသိမ့်သိမ့်ရှိုက်နေမိစဉ်မှာပဲ ယုတ်ညံ့သူတို့၏ အရှက်မရှိသည့်ဉာဉ်အတိုင်း သူက ဒယီးဒယိုင်ဖြင့် အိမ်ပေါ်မှ ဆင်းသွား၏ ။

ချက်ချင်းပင် တွေ့ရာကောက်ဝတ်၍ တွေ့ရာအဝတ်အစားကို ကောက် ထည့်ကာ သူမ အိမ်မှထွက်လာခဲ့ခြင်း ဖြစ်လေသည်။

အောက်တန်းကျစွာ ပက်စက်လွန်းသူ၏ ကျက်သရေမရှိသည့်မျက်နှာနှင့် တစ်စက္ကန့်မျှပင် ရင်မဆိုင်ချင်တော့ပါ။

တွေးခေါ်ဆင်ခြင်မှုအင်အားများ ချို့တဲ့သွားရလောက်အောင်ပင် ယောကျ်ား တစ်ယောက်၏ လက်ညှိုးညွှန်ရာ ရေဖြစ်ချင်နေသော မိခင်ကိုလည်း ဘာတစ်ခုမှ စိတ်မဆင်းရဲစေလိုတော့။ တကယ်တော့ လူဆိုတာ ကိုယ့်လမ်း ကိုယ်ထွင်ကြရသူ တွေပါ။ မီးမီးဟာ ဆယ့်ခြောက်နှစ်ကို ခုမှ

စွန်းရုံသာရှိသေးပေမယ့် ဒီနေ့ကစပြီး မမတို့အိမ်မှာ ခေတ္တကွန်းခိုပြီး ကိုယ့်လမ်းကိုယ် စဖောက်တော့မယ်ဆိုတာကို တဖြည်း ဖြည်းတော့ အမေ သိလာမှာပါ။

တစ်သက်လုံး ကျွေးမွေးသုတ်သင်လာခဲ့သော အမေ့ကျေးဇူးအား ဒီနည်းနှင့် ဆပ်တာကို အမေ ဘယ်လိုထင်ထင် သူမ အယူခံမဝင်ချင်တော့ပါ။

မမတုန်းကလိုပဲ 'မိုက်တယ်' လို့ ဒေါသထွက်ဦးပေ့ါ အမေရယ်။ နောက်ပြီး အမေအထင်ကြီးစွာ ကိုးစားပုံအပ်ခဲ့တဲ့ ယောကျာ်းတစ်ယောက်ကို လိပ်ပြာသန့်သန့်နဲ့ ဘုရားတစ်ဆူ ဂူတစ်လုံးလို ဆက်ပြီးကိုးကွယ်ဦးပေ့ါ။ အမေ့သာယာမှုကို မညှိုးမှိန်စေလိုတဲ့ စေတနာနဲ့ အိမ်ပြေးမလေးလို့ အမည်တပ်ခံရမှာကို ကံတရားလို့ပဲ မီးမီး သဘောထား...

'ကလေးမလေး ခဏဆင်းဦးကွ။ စက်ဘီး နင်းလို့မရတော့ဘူး'

ဆတ်ခနဲတုန်ယင်သည်အထိပင် လန့်သွားလေသည်။

ဗုဒ္ဓေါ၊ အတော်ပင် ခရီးပေါက်ခဲ့ပါပကော။ မမပြောဖူးသည့် ဗီဒီယိုရုံတွေကိုတောင် ကျော်လွန်လာပြီဖြစ်၏ ။

သူမ အသာခုန်ဆင်းလိုက်သောအခါ ဦးလေးကြီးက လမ်းကြားတစ်ခုသို့ စက်ဘီးကို ချိုးဝင်လိုက်၏ ။

လူ အတော်ကျဲပါးပြတ်တောက်သောလမ်း ဖြစ်သည်မို့ သူမတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထလာ၏ ။

စက်ဘီးတွန်းသွားသောဦးလေးကြီး၏ နောက်မှ ခပ်လုံ့လုံ့ခြေလှမ်းများဖြင့် တိတ်ဆိတ်စွာ မဝံ့မရဲလှမ်းလိုက်ရင်း ရင်ထဲ၌ ကြောင့်ကြစိုးရိမ်မှုများဖြင့် ပြန်လည် ပြည့်နှက်စပြုလာပြန်ပြီ။

'ကဲ... တက်'

ခပ်ပြေပြေတောလမ်းလေးတစ်ခုသို့ ရောက်လာပြန်သည်။ ထိုလမ်းမှာ သဲမြေ အနည်းငယ်ထူထပ်၏ ။

နံဘေးမှ ယှက်သိုင်းအုပ်မိုးနေသော ဝါးရုံပင်များကို မြင်ရသောအခါတွင်တော့ သူမတစ်ကိုယ်လုံး အေးစက်တောင့်တင်းကာ ရင်ထဲမှာတော့ ဆို့ကျပ်မွန်းပိတ်လျက် ငိုချင်လာတော့သည်။ ဟုတ်ပါတယ်၊ ငါတော့ မှားပြီထင်ပါရဲ့။

ခုနေ အဲဒီ ဝါးရုံတွေထဲကို စက်ဘီးကို ဆတ်ခနဲချိုးကွေ့ချပြီး ငါ့ပါးစပ်ကို လက်ဝါးကြမ်းကြီးတွေနဲ့ အုပ်ပိတ်လိုက်ရင်...။

အဲဒါဆိုရင် ငါ ဘာတတ်နိုင်မှာလဲ။

ရွှေတွေငွေတွေယူသွားရုံဆို တော်သေးရဲ့။

တော်ကြာ... ဘုရား ကယ်တော်မူပါ။

ဇောချွေးများပြန်လာသည်အထိပင် ချောက်ချားတုန်လှုပ်လာသောအခါ သူမက ထိုလူကြီးအား အလောတကြီးမေးလိုက်မိ၏ ။

တုန်ခတ်ကာ အဖျားခတ်တိမ်ဝင်သွားသော လေသံအား သူမ ဘယ်လိုမှ မထိန်းသိမ်းနိုင်ပါ။

'မရောက်သေးဘူးလားဟင်'

'ရောက်တော့မှာပါ။ သိပ်မလိုတော့ပါဘူး'

မမရာ နင်ကလည်း ဘယ်လိုခေါင်သီတဲ့ နေရာမျိုးတွေမှာများ လျှောက်နေ နေရတာ ပါလိမ့် တစ်ခါတည်း၊ ရောက်ခဲလှချည့်။ ဝါးပင်အုပ်အုပ်များ၊ မလှမ်းမကမ်း၌ မြင်ရသော မီးရောင်လက်လက်များအား မျက်လုံးများလည်နေသည်အထိပင် ပြူးကျယ် စွာ လိုက်ကြည့်ရင်း...။

စက်ဘီးနင်းသံ တကျွီကျွီနှင့်အပြိုင် စိတ်လှုပ်ရှားလွန်းစွာ ရင်ခုန်သံများ တဒိန်းဒိန်း ဆူညံနေတော့၏ ။

ဘာပဲဖြစ်ဖြစ်လေ၊ ခန္ဓာကိုယ်ကိုတော့ ဘာကိုမဆို ကာကွယ်ရင်ဆိုင်နိုင်အောင် ခပ်တောင့်တောင့်ထားမှ။ နား၊ မျက်စိတွေကိုလည်း ရှင်ရှင်ထားမှ။ ဒါမှ မလိုလားအပ်တဲ့ လှုပ်ရှားမှုတစ်ခုခုကို တွေ့လာရင်…။

'ကဲ… ဆင်း ကလေးမ။ ဒီကုန်းတက်ကျော်ရင် ဘုရားပဲ'

ဟင်၊ အဲဒါ တကယ်ပဲလား။

ပေါ့ပါးစွာခုန်ဆင်းရင်း ပျော်ရွှင်စွာအံ့ဩသွား၏ ။

သဲများထူထပ်နေသော ကုန်းတက်ကို ခပ်မြန်မြန်တက်လိုက်သည်။

'အဲဒါ မြတောင်ညိုဘုရားပဲလေ'

ဝါးပင်များခြံရံထားသော ဘုရားဝင်းကို ဦးလေးကြီးက လက်ညှိုးညွှန်ပြသည်။

ဟုတ်ပါရဲ့၊ ဘုရားတော့ ရောက်ပြီ။

ဒါဖြင့် မမတို့အိမ်ကကော ဘယ်နားမှာလဲ။ စက်ဘီးခြင်းထဲမှကြွပ်ကြွပ်အိတ်အား သူမ ထုတ်ယူလိုက်သောအခါ ဦးလေးကြီးက အံ့ဩသလို တစ်ချက်မော့ကြည့်လိုက်၏ ။

'နေဦးလေ၊ မင်းတို့အစ်မအိမ်ကို တွေ့သေးလို့လား'

'မဟုတ်ဘူး၊ မတွေ့သေးပါဘူး။ သူပြောတာကတော့ ဘုရားရှေ့ကလမ်းတဲ့'

'ဒါဆို ဒီလမ်းပေါ့။ ဝင်ရှာကြည့်ပါလား'

'ဟုတ်ကဲ့၊ ရှာကြည့်ရမှာပဲပေါ့'

လမ်းထဲသို့ သူမ အမြန်လှည့်ဝင်လိုက်သည်။

အမှန်တော့ လူသူအဆက်မပြတ်သည့် နေရာတစ်ခုခုသို့ သူမ

အမြန်ရောက် ချင်နေသည်။

မီးရောင်ထိန်ထိန်အောက်သို့ အမြန်ရောက်ချင်နေသည်။

သစ်ပင်ရိပ်များဖြင့် အမှောင်ရိပ်ကွယ်နေသည့်နေရာမှာ သူမနှင့် ဦးလေးကြီး နှစ်ယောက်တည်းရှိနေသော အခြေအနေမှ အမြန်ဆုံးလွတ်မြောက်ချင်နေသည်။

ဦးလေးကြီးကတော့ သူမ၏ သဘောထားကို မရိပ်မိဘူးလားမသိ။

စက်ဘီးကို တွန်းလာရင်းနှင့်ပင် အိမ်များကို ရေတွက်လာ၏ ။

သူမမှာ ယုံရခက်၊ မယုံရခက်။ စိတ်ထင့်ထင့်၊ ကျောချမ်းချမ်းနှင့်ပင် လှမ်းလျှောက်ရှာဖွေလာမိ၏ ။

ဘယ်အိမ်များ ဖြစ်နိုင်မလဲ၊ လမ်းများမှားနေမလား။

'မီးမီး'

'အမလေး'

ဤမျှ တုန်လှုပ်ချောက်ချားနေသည့် အခိုက်အတန့်အတွင်း သူမ၏ လွယ်အိတ်ကြိုးစအား တစ်စုံတစ်ယောက်၏ လှမ်းဆွဲခြင်းကို ခံလိုက်ရသောအခါ ဝိညာဉ်လွင့်မတတ် လန့်ဖျပ်သွားပြီး ယောင်ယမ်း၍ အကျယ်ကြီးအော်လိုက်မိလေသည်။

'မီးမီး ငါပါဟ။ နင် ငါ့ဆီလာတာလားဟင်...'

'ဟာ... မမ... မမ...'

လှည့်ကြည့်လိုက်သော ပြုံးကျယ်ဝိုင်းစက်သော မျက်ဝန်းများတွင် မြင်လိုက်ရသူမှာ သူမ၏ အစ်မကိုယ်တိုင်ပင် ဖြစ်၏ ။

သူမမှာ တင်းထားသမျှ ရုတ်ခြည်းပျော့ကျသွားပြီး ပဋိပက္ခအားပြိုင်မှု၏ လျင်မြန်သော အကျိုးသက်ရောက်မှုကြောင့် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျ

လာလေတော့သည်။

တုန်ယင်ကာ ယိုင်ထိုးနေသော ခန္ဓာကိုယ်ကို မမက ပခုံးမှ ဆွဲဖက်လိုက်သောအခါ မမရင်ခွင်ထဲဝင်၍ ရှိုက်ငိုလိုက်မိ၏ ။

'မီးမီး ဒီအချိန်ကြီးမှ နင် ဘာလာလုပ်၊ ဟင်... နင် ဘာလို့ ငိုရတာ လဲ ပြောစမ်း။ နင် ဘာတွေဖြစ်လာခဲ့လဲ မီးမီး'

သူမအား မေးစေ့မှကိုင်လှုပ်၍ မျက်လုံးပြူး မျက်ဆန်ပြူး အထိတ်တလန့် မေးနေသော အစ်မဖြစ်သူအား ခေါင်းသာယမ်းပြနိုင်၏ ။

ဆို့ကျပ်စွာ ခက်ခက်ခဲခဲ တင်းဆည်ထားရသမျှ ချက်ချင်းဖြေချလိုက်ရသောအခါ သူမမှာ မောဟိုက်၍ နူးညံ့ပျော့ခွေနေလေတော့သည်။

'ပြောစမ်းပါ မီးမီးရဲ့။ နင်လာတာ ကောင်းသောလာခြင်းမှ ဟုတ်ရဲ့လား။ ဟင်... သင်းက ငါ့ညီမကို ဘာလုပ်...'

'မဟုတ်ဘူး၊ မဟုတ်ပါဘူး'

'ဘုရား... ဘုရား၊ ကံကြီးပေလို့ပါလား မီးမီးရယ်။ ငါ လမ်းထိပ်ကို ကိစ္စတစ်ခုနဲ့ ထွက်လာမိလို့ပေါ့။ နင်က တစ်ယောက်တည်း ဘာလာလုပ်ရတာ လဲဟ ဒီအချိန်ကြီး'

'ဟင့်အင်း... ဟင့်အင်း'

'မီးမီး နင် ဘာမှကွယ်ဝှက်နေစရာ မလိုဘူးနော်။ ရှက်ကြောက်စရာလည်း မလိုဘူး။ အမှန်အတိုင်း ငါသိချင်တယ်။ ငါက ငါကိုယ်တိုင်ဖြစ်တုန်းကသော ပျော့ပျော့လေးနဲ့ လျှိုပြီး ရှောင်ထွက်လာတာ။ ငါ့ညီမကို ထိလို့ကတော့လား သင်းကို ငါကိုယ်တိုင်...'

'နေစမ်းပါ၊ အဲဒါ အသာထားစမ်းပါ။ ငါ ဘာမှမဖြစ်သေးပါဘူး။ ငါ့ကို လိုက်ပို့တဲ့ ဟိုဦးလေးကြီး...'

မေ့လျော့သွားမိသော တစ်စုံတစ်ရာအား ရုတ်တရက် သတိရစိတ်ဖြင့် သူမ ဆတ်ခနဲ ခေါင်းထောင်ထကာ မျှော်ကြည့်လိုက်၏ ။

စက်ဘီးနင်းသွားသော ကျောပြင်တစ်ခုအား ခပ်ဝေးဝေးမှာ ခပ်ရေးရေးသာ မြင်လိုက်ရတော့သောအခါ သူမရင်ထဲမှာ နောင်တတစ်ခုဖြင့် လှိုက်ခနဲ လစ်ဟာသွား လေသည်။

ကျေးဇူးတင်ပါတယ် ဟူသည့် စကားတစ်ခွန်းအား နှစ်ကာသောအပြုံးများ၏ နှုတ်ခမ်းဖြင့် တစ်စုံတစ်ယောက်ကို ပေးဆပ်ဖို့ သူမထံမှာ ကျန်ရှိနေခဲ့သည်။

**လူပန်းငယ်**

**အမှတ် ၁၈၊ ပြေလ၊ ၁၉၉၁ ပြည့်နှစ်**

**ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။**

***